# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 10 August 2023 ၁၁၁၈၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်

## မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများသာမက မိဘများနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




# ကြေးမုံ

# ဦးတည်ချက်များ ကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေသည့် မည်သည့်အစိုးရမဆို နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်ရှိသည်။ လက်ရှိတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်၍ နိုင်ငံ၏အနာဂတ်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများစွာကို စုစည်းညီညွတ်သည့်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများ ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့်အခက်အခဲ၊ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

နိုင်ငံတော်ကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရာ၌ နိုင်ငံ့စီးပွားရေးတိုးတက်ကောင်းမွန်ခြင်းသည်အဓိကကျပြီး စီးပွားရေးကောင်းမွန်မှု စွမ်းပကားများကို အားပြုပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် အစိုးရအနေဖြင့် ပထမတစ်နှစ်တာကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒုတိယတစ်နှစ်တာကာလတွင် နိုင်ငံ့စီးပွားရေးသည် တိုးတက်ဦးမော့ကောင်းမွန်လာပြီဖြစ်သည်။ သက်တမ်းထပ်မံတိုးမြှင့်သည့်ကာလအတွင်း နိုင်ငံတော်ကို အဘက်ဘက်၌ တိုးတက်ကောင်းမွန်လာစေရန် ဦးတည်ချက်(၉) ရပ်ကို အသစ်ထပ်မံချမှတ်၍ ထိရောက်စွာအကောင်အထည်ဖော်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနိုင်ငံရေးရည်မှန်းချက်နှစ်ရပ်၊ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါရည်မှန်းချက်တို့ကို ချမှတ်ထားသော ဦးတည်ချက် (၉) ရပ်ဖြင့် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးသည် အရေးကြီးသည့်အချက်ဖြစ်ပြီး ပြည်သူပြည်သားများအားလုံး အေးချမ်းစွာဖြင့်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်၊ ပညာသင်ကြားနိုင်ရန်လိုအပ်သည်။

လူတိုင်းလူတိုင်းသည် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ကိုယ်စီရှိကြသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးမှ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စားရေရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး ကမ္ဘာပေါ်တွင်လည်း စားရေရိက္ခာလုံခြုံရေးမှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေသည်။ အလားတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် တစ်နိုင်ငံလုံး လမ်းကွန်ရက်များ ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းပြည်တိုးတက်ရေးတွင် ပညာတတ်ပေါများခြင်းသည် အခြေခံကျသည့်အချက်ဖြစ်သည်။ ပြည့်စုံသည့် လူသားအရင်းအမြစ်များလိုအပ်သဖြင့် နိုင်ငံသားတိုင်းပညာရည်မြင့်မားရေးကို ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံ၏ မျှော်မှန်းသက်တမ်း နည်းပါးလျက်ရှိသဖြင့် နိုင်ငံသားတိုင်း အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေပြီး လက်ရှိတွင် လိုအပ်ချက် ၅၀ ရာခိုင်နှုန်းပင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပေ။ လတ်တလောတွင် နေရောင်ခြည်စွမ်းအင်သုံး၊ လေအားစွမ်းအင်သုံး၊ စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော်၍ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ပညာရည်မြင့်မားရေး၊ သက်ရှည်ကျန်းမာမှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးတို့ကို အဓိကဦးစားပေးအဖြစ် အကောင်အထည်ဖော်လျက်ရှိပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ကာ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ပေါ်ထွက်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (Type-2) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျတီကျေးရွာအုပ်စု ကျွန်းတောကျေးရွာအား စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုးက စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(Type-2) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်းတောကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံသို့ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၂၀၀ အားလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၂၂

## လက်ပံတန်းမြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ် ကျင်းပ

**လက်ပံတန်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး အထိမ်းအမှတ် အခမ်းအနားကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များလိုက်နာရမည့်အချက်များနှင့် ကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များကို ပညာပေးဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သက်သက်ညိုနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာမများက ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား သံချဆေးတိုက်ကျွေးခြင်း၊ Vitamin A တိုက်ကျွေးခြင်း၊ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်းနှင့် မိခင်များအား သံဓာတ်ဆေးပြားနှင့် Vitamin B တိုက်ကျွေးကြကြောင်း သိရသည်။



**အောင်ဆင့်(လက်ပံတန်း)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁,၆၀၃ | ၁၄,၁၀၆,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၁၈၆ | ၅၆၇,၂၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၂၆၇ | ၂,၀၀၂,၅၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁,၀၆၁ | ၁,၇၂၀,၆၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၄၀ | ၉၈,၀၀၀ |
| EFR | ၂,၃၀၀ | ၂,၄၀၀ | ၃,၂၁၀ | ၇,၃၈၄,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၆,၇၃၆ | ၁၂,၇၉၈,၄၀၀ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသစီးပွားရေးတိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

☆ **ရှေ့ဖုံးမှ**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အခြေအနေအရ ထပ်မံသက်တမ်းတိုးမြှင့်ထားသည့် ကာလအတွင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးနိုင်ရေး ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ **အစိုးရတစ်ရပ်၏တာဝန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့်စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးပဋိပက္ခများကို ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် အခြေအနေများကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

**ပိုင်းဝန်းဆောင်ရွက်**

ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ စာသင်ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ အဆင့်မြင့်ပညာသင်ကျောင်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စင်တာများအားလုံး၌ ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်ကျောင်းသား၊ မိဘနှင့် ဆရာများသာမက အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်ကျယ်ပြန့်ပြီးအဓိကကျသဖြင့် ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များအလိုက်လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ **ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြား ပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့်တွေးခေါ်မှုနှင့် အသိအမြင်များ ရရှိရေးအတွက်လည်း သင်ကြားပေးရန်လို**ကြောင်း။

**ပညာရည်မြင့်မားရေးပိုင်းဝန်းကြိုးပမ်း**

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားတတ်မြောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားပြီးချိန်တွင် ၎င်းတို့၏ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် လူသားအရင်းအမြစ်များကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ GDP မှာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိက ဆောင်ရွက်သည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော သေချာခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများရရှိပြီး လူမှုစီးပွားဘဝများတိုးတက်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **လူနည်းစု၏ အကျိုးစီးပွားထက် လူအများစု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်နေချိန်ကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မြေယာအသုံးချမှုကိစ္စရပ်များနှင့်ပတ်သက်၍ စိုက်ပျိုးမြေများ ထိခိုက်လျော့နည်းမှုမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများမရှိစေရေး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ စနစ်တကျလည်ပတ်ဆောင်ရွက်နေရန် လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့်လည်း ပိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ အားလုံးလည်ပတ်နိုင်ရေး ပိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး**

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ကုန်ကြမ်းအတွက်သေချာခိုင်မာသည့် ဒေသတွင်းနှင့် ပြည်တွင်းမှ ထွက်ရှိသော ကုန်ကြမ်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လိုကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ ဒေသ၏လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ **ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် သန့်ရှင်းသာယာလှပမှုရှိစေရေး၊ တည်းခိုနေထိုင်ရေး၊ ဒေသအစားအစာများ၊ ဒေသထွက်လက်ဆောင်ပစ္စည်းများ ရောင်းချနိုင်ရေး၊ ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ အထည်ချုပ်လုပ်ငန်းများသည်လည်း အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေနိုင်ကာ တစ်ဦးချင်းစီ၏ ဝင်ငွေကို တိုးတက်စေနိုင်သည်ဖြစ်သောကြောင့် အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အလုပ်အကိုင်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်ပသို့သွားရောက်လုပ်ကိုင်မှုများ များပြားလျက်ရှိခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နေရာဒေသများတွင် လုပ်သားအင်အားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို အားပေးဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ **မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့ အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်ဖြစ်**ကြောင်း။

အခွန်ဆောင်မှုနှင့် ပတ်သက်၍ အခွန်ရှောင်မှုများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ မြေများဈေးကစား မှုမရှိစေရေးနှင့် စနစ်တကျရှိစေရေး လယ်ယာမြေဥပဒေဖြင့် ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ မြင့်မားတိုးတက်စေရေး အားလုံးပိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့ စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အားလုံးအနေဖြင့် အမှန်တကယ်အောင်မြင်မှုရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေး လက်တွေ့ကျကျဖြင့် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ တင်သွင်းပေးလျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ **စာမျက်နှာ ၄ သို့** ☆

☆ **အစိုးရတစ်ရပ်၏တာဝန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့်စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို**

☆ **ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့်တွေးခေါ်မှုနှင့် အသိအမြင်များ ရရှိရေးအတွက်လည်း သင်ကြားပေးရန်လို**

☆ **လူနည်းစု၏ အကျိုးစီးပွားထက် လူအများစု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လို**

☆ MSME **လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ ဒေသ၏လူမှုစီးပွားဘဝများ တိုးတက်လာမည်**

☆ **ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို**

☆ **မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်**

☆ စာမျက်နှာ ၃ မှ

ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်မှုများ၌ တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်သို့ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကို ဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း။

**တစ်ဦးချင်းဝင်ငွေ များပြားမှသာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်**

မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းကို လျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသတွင် နေထိုင်သူများပြားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ တစ်ဦးချင်းဝင်ငွေ များပြားမှသာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသစီးပွားရေး တိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စာရင်းဇယားများ၌ တိုးတက်ခြင်းထက် လက်တွေ့ တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ **ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းတွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။**

**ဗလ ငါးတန်နှင့် ပြည့်စုံသည့် လူငယ်များမွေး ထုတ်ပေးနိုင်ရေး**

ပညာရေးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး၊ ကျောင်းနေရာခိုင်နှုန်း မြင့်မားလာရေး ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားသည့် ကျောင်းသား ကျောင်းသူများ တိုးတက်လာရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလ ငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများ သာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထား ဆောင်ရွက်ပေးကြစေလို**ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဗဟိုအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းကျန်းမာရေးလုပ်ငန်း စံပြဆုရ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ KOFIH စသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပညာရေးစနစ်အတွက် ကျောင်းသားများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံအုတ်မြစ်ဖြစ်ပြီး ကျောင်းသားများ၏ ပညာရေးအဆင့်အတန်း တိုးတက်မှုသည် ၎င်းတို့၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မှုပေါ်တွင် များစွာမူတည်နေကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်ရေး၊ ကျောင်းတက်မှန်ရေး၊ ကျောင်းနေမြဲစေရေး ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းရန်နှင့် အာဟာရ ပြည့်ဝရန်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရန်တို့သည် အလေးထား ဆောင်ရွက်ရမည့်ကဏ္ဍဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးများ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှု တိုးတက်စေရန် ရည်ရွယ်၍ ကျောင်းအခြေပြုအစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနနှစ်ခု ပူးပေါင်း၍ ကျန်းမာရေး အဆင့်မြင့်ကျောင်းများ တည်ထောင်ရေး လုပ်ငန်းစဉ်များကို အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကျန်းမာရေးအဆင့်မြင့်ကျောင်းများကို နိုင်ငံတစ်ဝန်းတွင် ထူထောင်လျက်ရှိပြီး အရေးပါသည့် ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ပညာရေးဝန်ကြီးဌာန အပါအဝင် နီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သည့် ဆေးနှင့်ပစ္စည်းများ၊ ပညာပေးအထောက်အကူပစ္စည်းများ၊ ကျောင်းပတ်ဝန်းကျင်ကောင်းဖြစ်စေရန် လိုအပ်သည့် နည်းပညာများ ပံ့ပိုးမှုပေးခြင်း၊ ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းနှင့် အစာအုပ်စုများ စုံလင်စွာစားသုံးရေး အသိပညာပေးခြင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပါအဝင် ကျောင်းအခြေပြုကာကွယ်ဆေးများထိုးနှံခြင်း၊ ခြင်ကျားပိုးလောက်လမ်း ကင်းစင်ကျောင်းများ ထူထောင်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းစင်ကျောင်းများ ထူထောင်ခြင်းတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက ကျောင်းကျန်းမာရေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ဖျော်ဖြေကြပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်းဆုံး ပူးပေါင်းဆောင်ရွက်နိုင်သော တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများအား ဆုချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းကိုပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ကို ကဗျာလွတ်အကဖြင့် ကြိုဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကျောင်းစာသင်ခန်းပြင်ပတွင် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခန္ဓာကြံ့ခိုင်စေရေး အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို အားပေးကြည့်ရှုပြီး ကျောင်းခန်းမအတွင်း ကျောင်းသား ကျောင်းသူများက စနစ်တကျ လက်ဆေးနည်းနှင့် စနစ်မှန်သွားတိုက်နည်းကို သရုပ်ပြရှင်းလင်းခြင်း၊ ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သရုပ်ပြ ရှင်းလင်းခြင်း၊ ကျောင်းသား ကျောင်းသူများက အာဟာရမျှတစေရန် စားသုံးရမည့် အစာအုပ်စုသုံးခုကို ခင်းကျင်းပြသ၍ အစားအစာများတွင် ပါဝင်သည့် ပစ္စည်းများ၏ ကျန်းမာရေးအရ အကျိုးရှိပုံကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ဘဝတွက်တာ ကျောင်းကျန်းမာသရုပ်ပြ ကဗျာ အပါအဝင် ကျန်းမာရေးသရုပ်ပြကဗျာများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က အားပေးကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေး၊ သံဓာတ်အားဆေးများ တိုက်ကျွေးခြင်းနှင့် နို့၊ ကြက်ဥပြုတ်နှင့် ငှက်ပျောသီး အာဟာရများ ပေးဝေကာ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေးဌာနခွဲမှ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်ကြီးများက သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ပေးမှုများနှင့် မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိကျန်းမာရေး စစ်ဆေးပေးပြီး မျက်မှန်များ ထောက်ပံ့ပေးနေခြင်းကို အားပေးကြည့်ရှုကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဂီတသံစုံ တီးဝိုင်းဖြင့် လေ့ကျင့်နေမှုနှင့် ယခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာပျော်ရွှင် ပညာသင်၊ စွမ်းရည်ထက်မြက် အနာဂတ်အတွက်"ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည့် စာစီစာကုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများနှင့် အထိမ်းအမှတ်အခမ်းအနားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**ချောင်းဆုံ ဩဂုတ် ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျေးလက်နေပြည်သူများ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း တာဝန်ပေးအပ်ပွဲနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း၊ ဖယောင်းတိုင်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ရွာလွတ်ကျေးရွာ ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေက အဖွင့်မိန့်ခွန်းပြောကြားပြီး ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာစီမံကိန်း ကော်မတီဝင်များအား တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ပေးအပ်ခြင်းနှင့်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။ အဆိုပါ အခြေခံစက်ချုပ်သင်တန်းနှင့် ဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းကို ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ် ကျေးရွာ သုံးရွာမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးဖြင့် အခြေခံစက်ချုပ်သင်တန်းကို ဒေါင်းရပ်အရှေ့ကျေးရွာနှင့် ကွမ်းသဲကျေးရွာတို့တွင် အခြေခံသင်တန်းကာလ တစ်လ၊ မွမ်းမံသင်တန်းကာလ တစ်လနှင့် ခရိုက်သစ်ကျေးရွာတွင် ဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းကို ခုနစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**သူဇာ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာ့မီးရထားစက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာ့မီးရထား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏နောက်ခံသမိုင်းနှင့် ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းများ လက်ရှိသုံးစွဲနိုင်မှု၊ အနာဂတ်ရည်မှန်းချက်နှင့် စက်ခေါင်းများထပ်မံလိုအပ်မှုအခြေအနေတို့ကို ကြိုတင်မြော်တွေး၍ စက်ခေါင်းအမျိုးအစား၊ အရေအတွက်တို့ကို လက်တွေ့ကျစွာ လျာထားတပ်ဆင်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ရေး၊ စက်ရုံကြီး၌ တပ်ဆင်ထားသော စက်ကိရိယာပစ္စည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ အတွေ့အကြုံများကို အသုံးချ၍ နောင်တွင် စက်ခေါင်းသစ်တပ်ဆင်တည်ဆောက်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်အောင် ကြိုးပမ်းရေး၊ ပစ္စည်းလိုအပ်ချက်အပေါ် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ပြည်တွင်း၌ ထုတ်လုပ်၊ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချနိုင်စေရေး၊ ပစ္စည်းဝယ်ယူရေး တင်ဒါလုပ်ငန်းစဉ်များတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရုပြုဆောင်ရွက်ရေး၊ စက်ရုံ၏လုံခြုံရေး၊ ဝန်ထမ်းများ၏လုံခြုံရေးကို အလေးအနက်ထား ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံအတွင်းရှိ စက်ခေါင်းသစ်အတွက်လိုအပ်သည့် ကိုယ်ထည်နှင့် ဘီးဘိုဂီအစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ တပ်ဆင်ထုတ်လုပ်ပြီးစီးနေပြီဖြစ်သည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ် DF-1273 နှင့် တပ်ဆင်ထုတ်လုပ်ဆဲ စက်ခေါင်းသစ်နှစ်ခုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် ၁၄ အတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၈၀၀ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ် ယမနေပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများက အထိမ်းအမှတ် သစ်ပင်များအား သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုသစ်ပင်စိုက်ပျိုးပွဲတွင် စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးဝင်သော သစ်မျိုးများ၏ကြီးထွားမှုနှင့် မျိုးပွားနည်းအမျိုးမျိုးဖြင့် ပျိုးထောင်ထားသော သစ်မျိုးများ၏ ကြီးထွားနှုန်းကို နှိုင်းယှဉ်လေ့လာရန် ရည်ရွယ်၍ ကြီးမြန်သစ်မျိုးဖြစ်သော ယမနေသစ်မျိုးပင် ၁၆၀၀ အား လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခြင်းဖြစ်သည်။ ယခုမြေနေရာနှင့် တစ်စပ်တည်းတွင် အခြားကြီးမြန်သစ်မျိုးများဖြစ်သော တစ်သျှူးယူကလစ်၊ ယူကလစ်၊ မာလာလူးကား၊ ပေါ်လိုးနီးယားသစ်မျိုးများဖြင့် သုတေသနစမ်းသပ်စိုက်ခင်း ဧက ၂၀ ကိုလည်း ယခုနှစ်မိုးရာသီတွင် တည်ထောင်ထားရှိပြီးဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ မိုးရာသီတွင် လူထုလှုပ်ရှားမှုအသွင် စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ဝေစိုက်ပျိုးခြင်း ပျိုးပင် ၈ ဒသမ ၄ သန်းကျော် အပါအဝင် ပျိုးပင်စုစုပေါင်း ၂၄ သန်းကျော်အား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းတုံမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**မိုင်းတုံ ဩဂုတ် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပခဲ့သည်။

ဦးစွာ မိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က VDP စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးအောင်ဇင်မိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် လူဦးရေနှင့်အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်း၊ လုပ်ငန်းပြီးစီးမှု အစီရင်ခံစာတင်ပြခြင်းနှင့် မှတ်တမ်းထိန်းသိမ်းနည်း စသည့်သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၇ ရက် မှ ၁၁ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညည





# လေးမျက်နှာမြို့နယ်၌ အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ဟသ်ာတ ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း ခုနစ်ခုအနက် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်ဦးက အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ယနေ့ ဖွင့်လှစ်သည့် အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ပထမအကြိမ်အဖြစ် ရက်ပေါင်း ၃၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒုတိယအကြိမ် မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းဆင်းများမှ ထူးချွန်သူ သင်တန်းသားငါးဦးကို အသေးစား ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဥပုသ်သီတင်းရက် မြင်ကွင်း



**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်လက်ရာ ဗုဒ္ဓဆင်းတုတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သော မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် ဖွင့်လှစ်ခဲ့ရာ ယနေ့သည် ဒုတိယမြောက်နေ့ဖြစ်သကဲ့သို့ ဝါတွင်းကာလ ဒုတိယမြောက် ဥပုသ်သီတင်းရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)လည်း ဖြစ်သည်။

ထိုကဲ့သို့သော အခါသမယတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထံသို့ ဖူးမြော်ကြည်ညိုသဒ္ဓါ ပွားလျက်ရှိကြသူများကိုလည်း သဒ္ဓါပီတိဖြစ်စွာ တွေ့ကြုံခဲ့ရသည်။

**စီစဉ်ထားရှိ**

ယနေ့တွင် ညဉ့်ဦးပိုင်းမှ နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း မိုးလင်းချိန်တွင် နေရောင်မခရုံအုံ့မှိုင်းလျက်ရှိသော မိုးသားကိုတွေ့ရသည်။ စေတီတော် အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ရပ်ဝေးမှလာသော ခရီးသွားယာဉ်များကို ကြီးငယ်လတ်စုံစွာ ဖြတ်သန်းလျက် အချို့လည်း မောင်းနှင်၊ အချို့လည်း လမ်းဘေးဝဲယာတွင် အနားယူနေကြသည်။ ရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ ဗုဒ္ဓပရိဝုဏ် မုခ်ဦးရှေ့၏ ဝဲ၊ ယာတို့တွင်လည်း ယာဉ်ရပ်နားရန် နေရာရှာနေကြသော ဘုရားဖူးယာဉ်များအား တာဝန်ရှိသူများက လွတ်လပ်ရာနေရာများကို ညွှန်ပြလျက်။ အဝင်လမ်းကို ဝင်ရောက်မည့် ဘုရားဖူးပရိသတ်များကိုလည်း ဘောပင်၊ မီးခြစ်၊ ကွမ်းယာထုပ် အစရှိသည့် ဗုဒ္ဓပရိဝုဏ် ညစ်ညမ်းစေမည့် ပစ္စည်းများ ယူဆောင်ခြင်းမပြုရန် ဆော်ဩနေသည်များလည်း တွေ့ရသည်။ အဝင်ဂိတ်မှ ဖြတ်ကျော်ပြီးလျှင် ခြေကျင်ခရီးမသွားနိုင်သူ၊ မသွားချင်သူများအတွက် မော်တော်ယာဉ်လေးများ စီစဉ်ထားရှိသည်။

အများစုသော ဘုရားဖူးပရိသတ်များကတော့ လမ်းလျှောက်ရင်း လမ်းဘေးဝဲယာမှ ရောင်စုံပန်းအလှများ၊ ခံ့ညားဝင့်ထည်သော သာသနိကအဆောက်အအုံများကို တစိမ့်စိမ့်ကြည့်ရင်း ဓာတ်ပုံမှတ်တမ်းများ၊ အလှဓာတ်ပုံများ ရိုက်ကူးကာ ပျော်ရွှင်တက်ကြွစွာ ကြည်ညိုကုသိုလ် သဒ္ဓါပွားကြသည်။ သုဓမ္မာဇရပ်များအနီးတွင် မင်္ဂလာကန်နှင့် နဂါးရုံဘုရားကို တွေ့မြင်ရသည်။ ဖူးမြော်ကြည်ညိုသူများ၊ လှေ့လာသူများမှာလည်း လေအဝေ့တွင် ပါလာသော မိုးစက်မှုန်များကိုအမှုမထား တသောသော ဝင်ရောက်လျက်၊ တချို့သော သက်ကြီးဘုရားဖူးများကို ဝှီးချဲဖြင့် သားသမီးများက တွန်းလျက်၊ ဝှီးချဲပေါ်မှ အဘိုးအဘွားတို့ကလည်း လက်အုပ်လေးတချီချီဖြင့် ပီတိသဒ္ဓါ ကြည်နူးဖြာလျက်ရှိသော မြင်ကွင်းကို ရုပ်ပွားတော်စံပယ်ကိန်းဝပ်ရာ ရင်ပြင်သို့ အဝင်လမ်းတွင် တွေ့မြင်ရသည်။

ရင်ပြင်တော်ပေါ်သို့ အတက် လှေကားထစ်များမှာ မများလှပါ။ ပြေပြစ်မှုလည်း ရှိသည်။ သို့သော် အဝင်မုခ်ဦးမှလမ်းလျှောက်လျက် ကြည်ညိုကုသိုလ်ယူသူများထဲမှ မောပန်းနွမ်းနယ်သူများရှိပါက သက်သောင့်သက်သာ တက်ရောက်နိုင်ရန် စက်လှေကားစီစဉ်ထားရှိသည်။ ဘကြီး၊ ဘထွေး၊ ဒေါ်လေး၊ ကြီးတော်တို့နှင့်ကလေးငယ်များ စက်လှေကားမှ ရင်ပြင်တော်အရောက် ပျော်ရွှင်စွာ တက်ရောက်ကြသည်။



မာရဝိဇယ ဘွဲ့အမည်တော်ရ ကျောက်ဆစ် ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို မော်တော်ယာဉ်ပေါ်မှ ဖူးတွေ့ရစဉ် ကြီးမားလိုက်တာဟု ယေဘုယျမြင်ရသည်။ မုခ်ဦးကိုဖြတ်ကျော်၍ ရင်ပြင်တော်သို့ ရှေးရှုရာလမ်းပေါ်မှ ဖူးမြင်ရသောအခါ ပို၍လေးနက်သော၊ ပို၍ ကြည်ညိုသော ခံစားမှုကိုရသည်။ ရင်ပြင်တော်ပေါ်သို့ ရောက်ချိန်တွင် အဆီးအတားမရှိ ပွင့်လင်းသော ကောင်းကင်ကို နောက်ခံထားလျက် ကြည်ညိုဖွယ်ကောင်းသော၊ ဗုဒ္ဓဂုဏ်တော်လက္ခဏာနှင့် ပြည့်စုံသော ဆင်းတုတော်မြတ်ကြီးကို ဖူးမြင်ရချိန်တွင် ဗုဒ္ဓဂုဏ်တော်၏ ငြိမ်းချမ်းခြင်း၊ လုံခြုံခြင်းနှင့် ဘဝအမောတို့မှ သက်သာရာရရှိခြင်း အစရှိသော လက္ခဏာတို့အပြင် သဒ္ဓါကြည်ညိုခြင်းပီတိ အဟုန်တို့ကို ခံစားရသည်ဖြစ်ရာ ဘုရားဖူးသံဃာတော်၊ သီလရှင်ဆရာကြီး ဆရာလေးများ၏ ဗုဒ္ဓဂုဏ်တော် ချီးမွမ်းသံများ၊ လူလတ်လူကြီးအရွယ် ကျား၊ မပုဂ္ဂိုလ်တို့၏ ညွတ်နူးသော၊ ကြည်ညိုသော တီးတိုးရွတ်ဆိုသံများက ပျံ့လွင့်လျက်ရှိသည်။ ငယ်ရွယ်သော လူငယ်မောင်မယ်များတို့သည်လည်း ဘုရားအရင်ရှိခိုးမယ်။ ပြီးမှ ဆယ်ဖီဆွဲမယ်ဟူသောအသံ၊ မဆွဲတော့ဘူး၊ ဒီခေါင်းလောင်းကြီးနားမှာ ထိုင်ပြီး ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုဦးခိုက်မယ် ဆိုသောအသံ၊ ထိုထိုသော လူငယ်များ၏ အသံကိုလည်း ကြားရပြီး တို့ကလေးတွေ ဘာသာတရားကိုင်းရှိုင်းတဲ့ စိတ်ဓာတ်တွေရှိကြတယ်ဆိုသောအသိနှင့် အားရှိခဲ့ရသည်။

မိုးမှုန်လေးများ ရပ်တန့်သွားသော်လည်း အာရုံခံနတ်လမ်းထဲတွင် လက်ဝဲရစ် လက်ယာရစ် လှည့်လည်ကြည်ညိုကြကုန်သော ပရိသတ်များ၊ ပဋ္ဌာန်းဒေသနာတော်အနက်ဖွင့် စကျင်ကျောက်ထွင်းရုပ်ကြွများ၊ ဗုဒ္ဓဝင်လာနိပါတ်တော်များမှ ရောင်စုံဆေးရေး ပန်းချီများကို တအံ့တဩ လေ့လာကြလျက် တစ်ဖက်တွင်လည်း ရုပ်ပွားတော်မြတ်ကြီးကို ဝဲယာကျောဘက်တို့မှ လှည့်လည်ကြည်ညိုလျက် အံ့ဩချီးမွမ်း ကြည်ညိုမဆုံးနိုင်ကြသည်ကို တွေ့ရသည်။

**ကျောက်စာရုံစေတီများ**

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံတရားဒေသနာတော်များကို ပါဠိ၊ ရိုမန်နှစ်ဘာသာဖြင့် ထွင်းထုပူဇော်ထားသည်။ ပါဠိတော်နှင့် ရိုမန်ဘာသာကို **စာမျက်နှာ ၇ သို့** ❂






# မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူပြည်သူများ၏ ပီတိစကားသံများ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုခဲ့သည့် ဒုတိယနေ့ဖြစ်သော ဩဂုတ် ၉ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်
ဓာတ်ပုံ - နေမျိုး


ဥူးအာစာရ


ဒေါ်ဘဒ္ဒဝတီ


ဒေါ်ပု


ဦးမြင့်အောင်


ကိုနေမျိုးဦး၊ ကိုအောင်ဇင်၊ ကိုတင်နိုင်ဝင်း

ဘုရားဖူး ရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ယင်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာ ခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသော စကားသံများကို ကြားသိခဲ့ရပါသည်။ အဆိုပါ ဘုရားဖူးပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိစကားသံများကို ပြန်လည်ရေးသားမျှဝေလိုက်ရပါသည်။

**ဥူးအာစာရ**
**တောင်တွင်းကြီးမြို့နယ်**

ဦးဇင်းကတော့ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ကျောင်းတိုက်ကပါ။ ဒီဘုရားကြီးကို ရုပ်မြင်သံကြားနဲ့ အွန်လိုင်းပေါ်မှာ ဖူးမြော်ရတာအားမရလို့ ကိုယ်တိုင်လာရောက်ဖူးမြော်တာပါ။ လာရောက်ပြီးဖူးမြော်ကြတဲ့ပြည်သူတွေအားလုံး စိတ်အေးချမ်းသာစွာနဲ့ ပျော်ရွှင်နေကြတာမြင်ရတော့ ဦးဇင်းတို့လည်း စိတ်ချမ်းသာရတယ်။ နောက်ဘုရားမှာလည်း ပဋ္ဌာန်းတွေ ရွတ်တယ်။ မေတ္တာသုတ်တွေလည်း ရွတ်တယ်။ မေတ္တာလည်း ပို့သပေးခဲ့ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေအားလုံး အေးချမ်းဖို့ကိုလည်း ဆန္ဒပြုခဲ့ပါတယ်။ ဘုရားဖူးတဲ့နေရာမှာလည်း သံဃာတော်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် လမ်းလျှောက်စရာမလိုဘဲ မုခ်ဦးကနေ ဘုရားရင်ပြင်အထိ ကားလေးတွေ စီစဉ်ပေးထားတာတွေ့ရတယ်။ ဦးဇင်းတို့ကတော့ လမ်းလျှောက်ပြီး ဖူးချင်လို့ကို လမ်းလျှောက် လာလိုက်တာ။ လမ်းလျှောက် လာလိုက်တော့ အနှံ့ဖူးမြော်ရတာပေါ့။ အခုလည်း ဖူးလို့မပြီးသေးဘူး။ ပိဋကတ်တိုက်တွေအထိသွားပြီး လေ့လာဦးမှာပါ။ ဗုဒ္ဓပိဋကတ်ဆိုတာ ဗုဒ္ဓဘာသာအတွက်အဓိကအရေးကြီးဆုံးဖြစ်တဲ့အတွက် ဦးဇင်းအနေနဲ့ ရှိသင့်တယ်လို့ ခံယူထားတယ်။ ဒီပိဋကတ်တော်တွေကို ကိုးကားပြီး ပဌမသင်္ဂါယနာတင်ခဲ့တယ်။ ပြီးတော့ မင်းတုန်းမင်းကြီးလက်ထပ်က ဆဋ္ဌသင်္ဂါယနာတင်ခဲ့တယ်။ နောင်တစ်ချိန်မှာ သတ္တသင်္ဂါယနာတင်ဖို့ဆိုတာ ဒီနိုင်ငံမှာဖြစ်လာမယ်လို့ တချို့လည်း ထင်ကြေးပေးတာ ရှိပါတယ်။

**ဒေါ်ဘဒ္ဒဝတီ (ပုဗ္ဗသီရိမြို့နယ်)**

ဆရာလေးတို့ သီလရှင်ကျောင်းတိုက်က ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်မှာပါ။ ဘုရားဖူးလာရတာ ကြည်နူးပီတိဖြစ်ရပါတယ်။ ဘုရားဝင်းကလည်း အကျယ်ကြီး၊ နောက်တော့ ဒီလိုဉာဏ်တော်မြင့်ပြီး ထုထည်ကြီးမားတဲ့ ရုပ်ပွားတော်မြတ်ကြီးကို မမြင်ဖူးသေးဘူး။ အဲဒါကြောင့် ကလေးတွေလည်း ဖူးလို့ရအောင် လိုက်ပို့ပေး တာဖြစ်ပါတယ်။ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာတွေကို ခေတ်မီစက်ကိရိယာတွေ အသုံးပြုပြီး ပါဠိအက္ခရာနဲ့ Romanize Language နဲ့ ထွင်းထုထားတာတွေ လေ့လာဖတ်ရှုခွင့်ရပါတယ်။ ဒီလိုမျိုး ထွင်းထုထားတော့ ဘုရားစာတွေ မပျောက်ပျက်တော့ဘူး။ ပြီးတော့ အနယ်နယ်အရပ်ရပ်နဲ့ နိုင်ငံတကာတွေက စိတ်ဝင်စားသူအားလုံးအလွယ်တကူ လာရောက်လေ့လာခွင့်ရတယ်။ ဆရာလေးတို့လည်း ဘုရားစာတွေ အမြဲလေ့လာနေရတာဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့။ အဲဒီအတွက်လည်း ဝမ်းသာပီတိ ဖြစ်ရပါတယ်။မဖူးမြော်ရသေးတဲ့သူတွေလည်း လာရောက်ဖူးမြော်ကြပါ၊ ဒီမှာလေ့လာစရာ ကျောက်စာတွေအများကြီးရှိပါတယ်။ ပြီးတော့ ဂန္ဓကုဋီတိုက် ၂၄ ဆောင်မှာလည်း ဘုရားသမိုင်းကြောင်းတွေ ရေးထားတာတွေ၊ ၂၄ ပစ္စည်းကို ပစ္စည်းတစ်ခုချင်း ရှင်းပြထားတဲ့ ပန်းချီကားတွေကိုလည်း လေ့လာခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဒေါ်ပု (ကံမမြို့နယ်)**

အဘွားကတော့ မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် အလယ်ချောင်းရွာကပါ။ အသက်က (၇၂) နှစ်ရှိပါပြီ။ သာယာလို့ ပျော်ရွှင်လို့ အင်မတန်ပီတိတွေဖြစ်လွန်းလို့ ဘုရားကြီးကို ကိုယ်တိုင်လာရောက် ဖူးမြော်တာပါ။ အခုလို ကိုယ်တိုင်လာရောက်ဖူးမြော်တော့ ဘုရားကြီးနဲ့အတူ ကျောက်စာရုံ စေတီတွေကို လက်တွေ့လေ့လာခွင့်နဲ့ ဖူးမြော်ခွင့်ရပါတယ်။ ရွာရောက်ရင် မသိသေးတဲ့သူတွေကို ပြောပြလို့ရတာပေါ့။ ဦးဆောင်ဘုရားဒါယကာကိုလည်း ကျေးဇူးတင်လို့တောင် မဆုံးပါဘူး။ ဒီဘဝ ဒီတစ်ခေါက်ရောက်လာတာ ဒါမျိုးဖူးမြော်၊ တွေ့မြင်ရတော့ ဝမ်းသာလွန်းလို့၊ ပီတိဖြစ်လွန်းလို့ကို မဆုံးပါဘဲ။ လာရောက်မဖူးမြော်ရသေးတဲ့ သူတွေကိုလည်း လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးမြင့်အောင် (အငြိမ်းစားဝန်ထမ်း)**
**ပုဗ္ဗသီရိမြို့နယ်**

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တစ်ယောက်အနေနဲ့ ဒီလိုဘုရားကြီးကို ကိုယ်တိုင် ကိုယ်ကျ လာရောက်ဖူးရတာ၊ ဒီလိုကျောက်ဆစ်ထုထားတဲ့ လက်ရာတွေ၊ ဘုရားသမိုင်းတွေ၊ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းတွေကို နောင်လာနောက်သားတွေ သိရအောင် တစ်နေရာတည်းနဲ့ မြင်တွေ့ဖူးမြင်ရတဲ့အတွက် တရားအသိလေးတွေ ရင်ထဲမှာ ကိန်းအောင်းသွားပြီး အင်မတန်မှ ကျေနပ်စရာ၊ ဝမ်းသာစရာတွေ ခံစားမိပါတယ်။ ဘုရားကြီးကို ဖူးရတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ ကျောက်ဆစ်လက်ရာတွေကိုလည်း တွေ့ရတယ်။ ကျွန်တော်တို့ အသက်အရွယ်အရ အရင်က ကိုယ်သတိမထားမိတာတွေသတိထားမိသွားတယ်၊သံဝေဂယူစရာ အတော်များများကို မြင်တွေ့ရပြီး သံဝေဂရစရာ အသိတွေလည်း ရရှိခဲ့ပါတယ်။ ဘုရားကြီးရဲ့ မျက်နှာတော်ကို ဖူးရတာကတော့ ရင်ထဲမှာ အေးချမ်းသွားသလို ငြိမ်းချမ်းတဲ့ ခံစားမှုလေး ခံစားမိပါတယ်။ အခုလို မိုးရာသီဖြစ်နေတာတောင် ထီးကိုယ်စီဆောင်းပြီး လာရောက် ဖူးမြော်ကြတာကို တွေ့ရတယ်။ ရုပ်မြင်သံကြားမှာ မြင်တွေ့ဖူးမြော်ရတာနဲ့ ကိုယ်တိုင်လာရောက်ဖူးမြော်ရတာ တခြားစီပါပဲ။ ရုပ်မြင်သံကြားမှာ သတင်းတွေလာတိုင်း ဖူးမြော်ရပေမယ့် ကိုယ်တိုင်လာရောက်ဖူးမြော်တော့ ကိုယ်ထင်တာထက် ပိုပြီး ခမ်းနားမှုရှိတယ်၊ ကြည်ညိုဖွယ်ကောင်းပြီး ငြိမ်းချမ်းမှုကို ပိုပြီး ရစေပါတယ်။

**ကိုနေမျိုးဦး၊ ကိုအောင်ဇင်၊**
**ကိုတင်နိုင်ဝင်း (မန္တလေးမြို့)**

ဒီဘုရားကြီးကို ဖူးမြော်ခွင့်ရဖို့ မန္တလေးကနေ ဆိုင်ကယ်တွေနဲ့ လာခဲ့ကြတာပါ။ ဆိုင်ကယ်နဲ့လာတဲ့ အချိန်ကတော့ မန္တလေးကနေ နေပြည်တော်ကိုအရောက် ငါးနာရီကြာပါတယ်။ မန္တလေးမှာ နေကြတယ်ဆိုပေမယ့် နေတဲ့ရပ်ကွက်ချင်းမတူပါဘူး။ သူငယ်ချင်းတွေစုပြီး နေပြည်တော်မှာ တည်ထားတဲ့ မာရဝိဇယဘုရားကြီးကို သွားဖူးကြမယ်ဆိုပြီး ထွက်လာခဲ့ကြတာပါ။ ဒီဆင်းတုတော်ကြီးကို ဖူးရင်း ကျောက်စာတွေကိုလည်း လေ့လာရင်းဆိုပြီး လာခဲ့တာပါ။ မနေ့က ရောက်တာဆိုတော့ မနေ့က ညပိုင်းကလည်း ဒီဘုရားကြီးကို လာရောက်ဖူးမြော်ခဲ့ပါသေးတယ်။ နေရာစုံမရောက်သေးလို့ ဒီနေ့ထပ်ပြီးလာခဲ့တာပါ။ နေပြည်တော်မှာ အခုလို ကျောက်စာတွေရှိတော့ မန္တလေးကို လာစရာမလိုတော့သလို ရန်ကုန်ကလာမယ်ဆိုရင်လည်း ခရီးပိုနီးသွားတာပေါ့။ ဘုရားကြီးကလည်း တော်တော်သပ္ပာယ်ပါတယ်။ ရာသီဥတုကြည်လင်တဲ့ အချိန်ဆိုရင် ဘုရားကြီးက ကောင်းကင်ပြာနောက်ခံနဲ့ ဆင်းတုတော်ကြီးရဲ့ အဖြူရောင်နဲ့ ပိုပြီးကြည်ညိုဖွယ် ကောင်းပါတယ်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီတော်များကို မြန်မာနိုင်ငံတစ်နံတစ်လျားအရပ်လေးမျက်နှာမှ တဖွဲဖွဲရောက်လာ၍ ဖူးမြော်ကြည်ညိုကြသည်။ လာရာအရပ်မတူညီကြသော်လည်း ငြိမ်းချမ်းခြင်း၊ သဒ္ဓါပီတိဖြစ်ခြင်း၊ ကျေနပ်ခြင်းအပြင် ဝမ်းမြောက်၍ သာဓုအနုမောဒနာပြုကြခြင်း စသည့် ခံစားမှုများကတော့ တူညီကြသည်ကို မြင်တွေ့ရပါကြောင်း မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့) မြင်ကွင်းမှ ဘုရားဖူးတို့၏ ခံစားမှုနှင့် အတွေးအမြင်များကို တင်ပြလိုက်ရပါသည်။

✪ စာမျက်နှာ ၆ မှ

နားလည်သူ လူပုဂ္ဂိုလ်ရှားပါးပါသည်။ သို့သော် မြတ်ဗုဒ္ဓ၏ ဓမ္မစေတီတော်များ ဖြစ်သည်ဟူသောအသိဖြင့် လည်းကောင်း၊ သာယာ ညွတ်နူးဖွယ်ရာ (Audio System)ဖြင့် ပူဇော်ထားသော ဓမ္မအသံများက ဘုရားဖူးပရိသတ်ကို အေးချမ်းစေသည်မှာလည်း ထူးခြားလှပါသည်။

အချိန်ကိုင့်ကွက်၍ ပြန်လည်ထွက်ခွာလာစဉ် ရင်ပြင်တော်လှေကားတွင်ကားသော့တစ်ချောင်းကောက်ရထားပါသဖြင့် ဂေါပကရုံးသို့ သို့မဟုတ် ယခုကြေညာသော နေရာသို့ လာရောက်ဆက်သွယ်ပါဆိုသော အသံကို ကြားရသည်။ ခဏအကြာတွင် ဆွဲကြိုးတစ်ကုံး ကောက်ရထားပါသဖြင့် ပျောက်ဆုံးသူများရှိပါက လာရောက်ဆက်သွယ်ပါဟူသော နောက်ထပ် ကြေညာသံကို ကြားလိုက်ရသောအခါ ကားပါကင်တွင်၊ ဗုဒ္ဓပရိဝုဏ်တွင်၊ ရင်ပြင်တော်တွင်ရှိသော လုံခြုံရေးဝန်ထမ်းများ၏ ကဏ္ဍကိုလည်း လေးစားစွာ အသိအမှတ်ပြုမိပါသည်။

**မေတ္တာနှင့် ငြိမ်းချမ်းခြင်း ထုံမွှမ်းလျက်ရှိ**

မော်တော်ယာဉ်နှစ်စီး၊ သုံးစီးမှသည် ခုနစ်စီး၊ ရှစ်စီးအထိ ရွာအလိုက်၊ အဖွဲ့အစည်းအလိုက် ကားတန်းကြီးများ၊ မော်တော်ဆိုင်ကယ်များဖြင့် မိုင်ရာချီခရီးနှင်လျက် လာရောက်ဖူးမြော်သော လူငယ်လေးများ၊ အရပ်ရှစ်မျက်နှာမှ ကြွရောက်လာသော ဘုရားဖူးတို့ကို သက်သတ်လွတ်ဒံပေါက်ထမင်းဖြင့် ကုသိုလ်ယူ ကျွေးမွေးနေသောအဖွဲ့များ၊ ဘုရားဖူးမိဘပြည်သူများ၏ လုံခြုံရေးသာမက အခြားသောဝန်ဆောင်မှုအကူအညီများအတွက် အသင့်ပြင်နေသော လုံခြုံရေး တာဝန်ကျသူများနှင့်အတူ ဘုရားဖူးပြည်သူများ၏ မေတ္တာနှင့် ငြိမ်းချမ်းခြင်း အရသာများ ထုံမွှမ်းလျက်ရှိသော ယနေ့မြင်ကွင်းများကို တင်ပြလိုက်ရပါသည်။

အလင်းသစ်၊ နေမျိုး၊
သန်းတင်အောင်



# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားနေမှုမြင်ကွင်း



















ဓာတ်ပုံ - သတင်းစဉ်

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဖြင့် မြန်မာနိုင်ငံအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံ ရေးဆွဲဆောင်ရွက်နိုင်ရန် သိပ္ပံနှင့် နည်းပညာဆိုင်ရာ လက်ရှိဆောင်ရွက်နေမှုများနှင့် အမျိုးသားလူမှုစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနေမှုများကို stakeholders များနှင့် ဆွေးနွေးညှိနှိုင်းသော အလုပ်ရုံဆွေးနွေးပွဲ (Seminar on assesses the status of STI in Myanmar and the role of STI in supporting sustainable and inclusive development in Myanmar with the different stakeholders) ကို နေပြည်တော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။




**စုပေါင်းဆွေးနွေး**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၏ အလုံးစုံတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ခြင်းကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ MSME အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ ကွာဟချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းများကို ဖြစ်သင့်ဖြစ်ထိုက်သော နည်းလမ်းများ၊ အမှန်တကယ်ဆောင်ရွက်မည့် နည်းစဉ်များ ချမှတ်နိုင်ရန် တက်ရောက်လာကြသူများက စုပေါင်းဆွေးနွေးကြခြင်းဖြစ်သည်။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာအုပ်ချုပ်မှုအစီအမံကောင်းများ၊ လုပ်ငန်းခွင်တွင် အမှန်တကယ် လိုအပ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ၊ နိုင်ငံ့စီးပွားရေး၏ အဓိကကြောရိုးဖြစ်သော အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဆန်းသစ်သောနည်းပညာများ အထောက်အကူပြုနိုင်ရန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တက္ကသိုလ်များ၊ သုတေသနဌာနများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ ရေးဆွဲဆောင်ရွက်မည့် လမ်းပြမြေပုံဆောင်ရွက်မည့် လုပ်ငန်းများကို လေ့လာဆန်းစစ်အကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်စသည်တို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများဖြင့် မဟာဗျူဟာလမ်းပြမြေပုံ ထွက်ပေါ်ရန်အတွက်ရည်ရွယ်ပြီး အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြခြင်း ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များမှ ပါမောက္ခများ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ MSME အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အနိမ့်ပိုင်းဖြစ်သော အမှတ်(၅) ရပ်ကွက် အောင်နန်း(၅)လမ်းသို့ သွားရောက်၍ မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ချောင်းရေ၊ မြစ်ရေများလျှံတက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားကာ ဒေသခံပြည်သူများ၏ နေအိမ်များအတွင်း ရေများဝင်ရောက်နေမှု၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးလွတ်ရာ ကယ်ဆယ်ရေး စခန်းများသို့ ပြောင်းရွှေ့ နေရာချထားပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် Cyclone Shelter ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၁၉၂ ဦးအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၂၈၀၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့်အခြေအနေ၊ ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှုရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၇၅၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၇၅၉၀၀၀ နှင့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့် ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး အိမ်ထောင်စု ၁၉၁ စု၊ လူဦးရေ ၉၆၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၇၁၂၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ ကျက်သရေဆောင် ရွှေယဉ်မျှော် ပြည်တော်ဇေစေတီတော် ပရိဝုဏ်အတွင်း ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၅၄၈ ဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၉၃၂၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍အားပေးစကားများ ပြောကြားကာ အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၅၁၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၆၄၄၀၀၀ နှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျုံဒိုးမြို့ ဓမ္မသုခ ဘုန်းတော်ကြီးကျောင်း စတုဒိသာဆောင်တွင် ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၈၂၀၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ကိုးခုမှအိမ်ထောင်စု ၇၀၄ စု၊ လူဦးရေ ၃၄၇၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၁၂၃၀၀၀၀ နှင့် ငွေကျပ် ၂၂၆၂၁၄၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်နှင့်ကြက်ဥများ၊ ကျုံဒိုးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုမှ အိမ်ထောင်စု ၁၇၂ စု၊ လူဦးရေ ၇၅၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၇၆၈၀၀၀ နှင့် ငွေကျပ် ၈၄၂၂၄၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

ဒုံဝန်းဘူတာတို့တွင် လည်းကောင်း ယာယီရပ်တန့်၍ ရေပြန်လည်ကျဆင်းသည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။

**ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်**

ယနေ့ညနေပိုင်းတွင် ရေများပြန်လည်ကျဆင်းလျက်ရှိသော်လည်း အဆိုပါနယ်မြေအတွင်း တံတားလေးခုတွင် ရေစီးဆင်းမှုပြင်းထန်လျက်ရှိသောကြောင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများအနေဖြင့် ရထားလမ်းတစ်လျှောက် ရေတိုက်စားမှုများနှင့် တံတားများကြံ့ခိုင်ရေးကို ထိခိုက်မှုရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပျက်စီးမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံစိတ်ချရမှုအခြေအနေပေါ် မူတည်၍ မူလခရီးစဉ်အတိုင်း ဆက်လက်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့

မောင်လူအေး(ရေစကြို)

**ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံကျော်ရှိသည့်အနက် အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်းရှိ လူငယ်ဦးရေသည် ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ ယင်းလူငယ်ဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။**

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများတွင် မွေးဖွားနှုန်း ကျဆင်းလာခြင်းကြောင့် လုပ်သားအင်အား ရှားပါးလာပြီး သက်ကြီးရွယ်အိုများပြားလာသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေတိုးပွားနှုန်း မြန်ဆန်လာသည့်အတွက်တိုးပွားလာသောလူဦးရေအတွက် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ရက်လျှင် ဝင်ငွေ နှစ်ဒေါ်လာအောက်သာရရှိသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်လျက်ရှိကြကြောင်း ကုလသမဂ္ဂကထုတ်ပြန်သည့် စာရင်းများအရ သိရှိရပါသည်။

တစ်ဖန် ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်းစုစုပေါင်းလူဦးရေ၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ အာဆီယံဒေသတွင်း၌လည်း လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်း နီးပါးသည် အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်များ ဖြစ်ကြပါသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် (၁၅) နှစ်မှ (၃၄) နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်း လူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိသည် ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော အလားအလာကောင်းများနှင့် ပြည့်စုံသည့်လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ယင်းလူငယ်လူရွယ်များ၏ စုစည်းမှုစွမ်းအားဖြင့် ဒေသတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ဖော်ဆောင်သွားရမည်ဖြစ်သည်။

### အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ

လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည် ဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်၍ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။ ထို့အတွက် လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်ပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိရန် လွန်စွာအရေးကြီးလှပါသည်။ လူငယ်များ၏အသံ၊ လူငယ်များ၏ သဘောထားများအပေါ် အလေးထားနားထောင်၍ အားကောင်းခိုင်မာထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။



မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပစဉ်။

သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်း လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို နိုင်ငံတကာ အသိုက်အဝန်းမှ သိရှိနားလည်နိုင်စေရန်နှင့် ယနေ့ကမ္ဘာကြီးတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ Vienna မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ကမ္ဘာ့လူငယ်များဖိုရမ်သို့ တက်ရောက်ခဲ့သည့် လူငယ်များက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ကျင်းပနိုင်ရန် အဆိုပြုခဲ့ရာမှစတင်၍ ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ကျင်းပခဲ့သည့် ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံတွင် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရန် အကြံပြုခဲ့ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၅၄/၁၂၀)ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားများကို ကုလသမဂ္ဂကကြီးမှူး၍ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ပထမဆုံး ကျင်းပပြုလုပ်ခဲ့ပြီး နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့ရာ ယခုဆိုလျှင် ၂၃ နှစ်တိုင် ရှိခဲ့ပြီဖြစ်ပေသည်။ မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိကာ ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ အသံ၊ လိုလားချက်များအား တာဝန်ရှိသူများက သိရှိနားလည် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားများကို အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

### နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"Green Skills for Youth: Towards a Sustainable World" "ကမ္ဘာမြေ အရှည်တည်တံ့စေဖို့ လူငယ်များရဲ့ အစိမ်းရောင်ကျွမ်းကျင်မှုစွမ်းရည်ဖြင့် ဖော်ဆောင်စို့"** ဖြစ်ပါသည်။ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို လူငယ်ရေးရာကော်မတီဝင်များ၊ လူငယ်အဖွဲ့အစည်းများ၊ မသန်စွမ်းလူငယ်များ၊ နိုင်ငံ့ဝန်ထမ်းလူငယ်များနှင့် ဆက်စပ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ဟူသည့်သဘာဝမှာ လျင်မြန်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ တတ်မြောက်လွယ်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်ကြရာ ၎င်းတို့၏ စွမ်းဆောင်ရည်များအပေါ် အသိအမှတ်ပြု၍ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ အနာဂတ်လူ့ဘောင်အား ဦးဆောင်မည့်ဖန်တီးရှင် အနာဂတ်အရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့နီတိနှင့် ကျင့်ဝတ်၊ စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

### ဗလငါးတန်ပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် လူငယ်များပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သည့် ဗလငါးတန်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁-၈-၂၀၂၁)ရက်စွဲပါ အမိန့်အမှတ်(၁၅၁/၂၀၂၁) ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟု သီးခြားစီခွဲ၍ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး (၂-၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)အရ လူငယ်ရေးရာဦးစီးဌာနအား အင်အား ၁၈၈၀ ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်များနှင့်အညီ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ(၇)ရပ်၊ ရည်မှန်းချက် (၇) ရပ်နှင့် လုပ်ငန်းစဉ် (၁၀) ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးဖြစ်သည့်အတွက် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်သည်။ **စာမျက်နှာ ၁၁ သို့** ✤

**"လူငယ်ဟူသည့်သဘာဝမှာ လျင်မြန်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ တတ်မြောက်လွယ်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်ကြရာ ၎င်းတို့၏ စွမ်းဆောင်ရည်များအပေါ် အသိအမှတ်ပြု၍ စနစ်တကျပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။ အနာဂတ်လူ့ဘောင်အား ဦးဆောင်မည့် ဖန်တီးရှင် အနာဂတ်အရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့နီတိနှင့် ကျင့်ဝတ်၊ စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရေးအတွက် လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဘက်ဘက်မှ ဝိုင်းဝန်း ပံ့ပိုးကူညီပြုစုပျိုးထောင်"**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များအား ဆွမ်းဆန်တော်နှင့် ဆီ ဆက်ကပ်လှူဒါန်း



ဝမ်းတွင်း ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအား ဝါတွင်းကာလတွင် ဆွမ်းဆန်တော်နှင့်ဆီများ ဒုတိယအကြိမ်မြောက် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ကျီတော်ကုန်းရပ်ကွက် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်တည်ဆောက်ရေး ရှင်းလင်းဆောင်မဏ္ဍပ်၌ ကျင်းပသည်။

**ဆက်လက်လှူဒါန်း**

အဆိုပါလှူဒါန်းပွဲကို မိတ္ထီလာခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ငါးတိုက်မှ ဝါတွင်းကာလတွင် သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်သူမြတ်အပါး ၃၁၀ အတွက် ဆွမ်းဆန် ၃၁ အိတ်နှင့် ဆီ ၃၁ ပိဿာကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ဝါတွင်းကာလတွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပုသိမ်မြို့နယ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပုသိမ် ဩဂုတ် ၉

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုနှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ အဖွဲ့ဝင်များ၊ ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များသည် ပျဉ်းကတိုးကုန်းကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သ တောင်သူဦးအေးကြွယ်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ တစ်ဘီလီယံဖြင့် ငွေယူဆောင်ရွက်သည့် အသားတိုးဝက် အကောင် ၃၀ မွေးမြူရေးလုပ်ငန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ တစ်ဘီလီယံဖြင့် ချေးငွေယူ ဆောင်ရွက်သည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးပြီးစီးမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြား ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အမှတ်(၇) ရပ်ကွက် စိုက်ပျိုးရေးဦးစီးဌာန ဂိုဒေါင်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့စုဆောင်းထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■



# ပင်းတယမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့

ပင်းတယ ဩဂုတ် ၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ယူရီးယားဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်က တောင်သူလယ်သမားများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပင်းတယမြို့နယ် ကျေးရွာအုပ်စုများရှိ မျိုးစေ့ထုတ် ၁၅ ဧက တောင်သူ ၁၀ ဦး၊ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ၅၅ ဧက တောင်သူ ၅၅ ဦးတို့၏ စိုက်ဧက ၇၀ အတွက် တစ်ဧကလျှင် ဓာတ်မြေဩဇာတစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဓာတ်မြေဩဇာအိတ် ၇၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး (ပြန်/ဆက်)**

# ပင်လုံမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဓာတ်မြေဩဇာများပေးအပ်ပွဲ ကျင်းပ

ပင်လုံ ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သော ယူရီးယားဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန လွိုင်လင်ခရိုင် ဦးစီးမှူး ဦးမျိုးမင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးရာဇာအောင်က ပင်လုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြောကြားကာ မြို့စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးမိုးက ယူရီးယားဓာတ်မြေဩဇာ စနစ်တကျအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာများကို ကျေးရွာအုပ်စု ငါးစုမှ တောင်သူ ၆၃ ဦးထံ ပေးအပ်ခဲ့ပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကွင်းသရုပ်ပြပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၀ မှ

လူငယ်တို့ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုပြဿနာများကို ဖြေရှင်းကျော်လွှား၍ မြန်မာနိုင်ငံရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှုအနာဂတ် အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းမူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူငယ်ရေးရာမူဝါဒတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆)ရပ်ပါရှိပြီး ၎င်းကဏ္ဍ(၁၆)ရပ်မှာ -

- ပညာရေးကဏ္ဍ၊
- ကျန်းမာရေးကဏ္ဍ၊
- မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ၊
- အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ၊
- အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊
- စီးပွားရေးကဏ္ဍ၊
- နိုင်ငံရေးကဏ္ဍ၊
- စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊
- သုတေသနကဏ္ဍ၊
- သိပ္ပံနှင့်နည်းပညာကဏ္ဍ၊
- ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊
- ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊
- ကျား/မ ညီမျှမှုကဏ္ဍ၊
- လူ့အခွင့်အရေးကဏ္ဍ၊
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ဖြစ်ကြပါသည်။

လူငယ်ရေးရာမူဝါဒတွင်ပါဝင်သော လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆) ရပ်မှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များ၊ ဦးစားပေးကဏ္ဍများ၊ ဆောင်ရွက်ချက်များနှင့် ဆက်စပ်လျက်ရှိသည့် (cross-cutting) ကဏ္ဍများ ဖြစ်ပေရာ ယင်းမူဝါဒပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် လူငယ်ရေးရာကော်မတီများက ဦးဆောင်ကာ ဆက်စပ်ဌာန/အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပြည်သူလူထု၏ အပြည့်အဝပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

**လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် "နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်"ဟူသော နိုင်ငံတော်အခြေခံမူနှင့်အညီ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်များ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများအား ထိန်းသိမ်းစောင့်ရှောက်တတ်စေရေးနှင့် အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ၂၂၁၉ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ လူငယ်ပေါင်း ၄၁၉၃၇၁ ဦးကို အသိပညာများ မျှဝေပေးနိုင်ခဲ့ပါသည်။

ထို့အတူ လူငယ်ရေးရာမူဝါဒတွင်ပါရှိသည့် လူငယ်ဆိုင်ရာ အဓိကကဏ္ဍများနှင့်ပတ်သက်၍ လူငယ်စကားဝိုင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်များတွင် လူငယ်စကားဝိုင်း အကြိမ် ၁၁၀ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၃၃၀ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ကျင်းပပြုလုပ်ခဲ့သည့် "လူငယ်နှင့် စာပေအနုပညာပြပွဲ"တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များဗဟုသုတရရှိစေမည့် သုတရသစာအုပ်စာပေများ ခင်းကျင်းပြသခြင်း၊ ဓာတ်ပုံမှတ်တမ်းများ၊ Video Clip မှတ်တမ်းများ ပြသခြင်းနှင့် ဗဟုသုတဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ အမှတ်တရ အပျော်တမ်းဓာတ်ပုံရိုက်ရန် Photo Booth များ ပြုလုပ်ပေးခြင်းဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆောင်ရွက်ချက်များတွင် လူငယ်များ အပြည့်အဝပါဝင်ခွင့်ရရှိစေရန်နှင့် လူငယ်များ ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီကဦးစီး၍ **"သွေးချင်းညီနောင် ကောင်းကျိုးဆောင် ပြည်သစ်အောင်ဖို့ ဆွေးနွေးစို့"**ဟူသည့် ဆောင်ပုဒ်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ၏ ငြိမ်းချမ်းရေးဆိုင်ရာ စကားဝိုင်းကို ၂၈-၁-၂၀၂၃ ရက်နေ့တွင် မန္တလာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၅၀၀၀ ပါဝင်တက်ရောက်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ထိုင်း - မြန်မာ ကုန်သွယ်မှုအတွက် အရေးပါသော မြဝတီ - ကော့ကရိတ် အာရှလမ်းမကြီးမြေပြိုကျမှုကြောင့် ပျက်စီးသွားသောလမ်းပိုင်းအား ယာယီဘေလီတံတား တစ်လအတွင်း တည်ဆောက်သွားမည်


ကရင်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေလျှံခြင်း၊ မြေပြိုကျခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သြဂုတ် ၇ ရက်က မြဝတီ-ကော့ကရိတ် အာရှကားလမ်းမကြီး တောနော်ရေတံခွန်အနီး မိုင်တိုင်အမှတ်(၁၄၉)နှင့်(၁၅၀)အကြားနေရာတွင် ကားလမ်းအောက်ခံမြေသား အကျယ် ၃၃ ပေရှိ ကတ္တရာခင်းကားလမ်းအရှည် ပေ ၁၅၀ ခန့် ပွဲကျပျက်စီးခဲ့ရာ ယာဉ်သွားလာမှုယာယီရပ်ဆိုင်းထားရပြီး အဆိုပါလမ်းပိုင်း အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အခြေအနေများကို ကရင်ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညိုအား သြဂုတ် ၉ ရက်တွင် တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**မေး။** ။သြဂုတ်လ ၇ ရက်နေ့က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြဝတီ-ကော့ကရိတ် အာရှလမ်းပိုင်း မြေပြိုမှုဖြစ်သွားတဲ့အတွက် မော်တော်ယာဉ်တွေ သွားလာမှုရပ်ဆိုင်းသွားတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ သိလိုပါတယ်။

**ဖြေ။** ။အာရှလမ်းမကြီးမြေပြိုမှုနဲ့ပတ်သက်ပြီး သြဂုတ်လ ၉ ရက်နေ့က ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင် ဦးဆောင်ပြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူတွေက လိုအပ်တဲ့ပြင်ဆင်မှုတွေပြုလုပ်နိုင်ဖို့ ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ပြီးတော့ အာရှလမ်းမကြီး မြေသားပြိုကျတဲ့နေရာမှာ ယာယီဘေလီတံတားထိုးဖို့ ညွှန်ကြားထားပါတယ်။ ဘေလီတံတားထိုးတဲ့အခါမှာ လမ်းပန်းပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် လမ်းပြတ်ကျတဲ့နေရာရဲ့ တစ်ဖက်တစ်ချက်စီမှာ ပေ ၃၀၀ ချဉ်းကပ်လမ်းသစ်ကို တောင်ဖြတ်ဖောက်လုပ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရှောင်ကွင်းလမ်းအနေနဲ့ ချဉ်းကပ်လမ်း (၃၀၀+၃၀၀) ပေ ၆၀၀ နဲ့ လမ်းပြတ်ကျပျက်စီးနေရာ ပေ ၂၀၀ စုစုပေါင်း အရှည်ပေ ၈၀၀ ခန့် ဖောက်လုပ်ရမှာဖြစ်ပါတယ်။ နောက်ပြီး မြေသားသိပ်သည်းကျစ်လျစ်အမာခံရရှိအောင်ဆောင်ရွက်ပြီး လမ်းပြတ်ကျပျက်စီး ပေ ၂၀၀ ခန့်ရဲ့ လမ်းအတွင်းဘက်ခြမ်းတောင်ခြေနဲ့တည့်တည့် ကပ်လျက်နေရာမှာ ဝန်ပါကားများပါ ဖြတ်သန်းနိုင်ရေးအတွက် လမ်းမြေသားပေါ်၌ ဘေလီတံတား အရှည်ပေ ၂၀၀ ခန့် ထိုးပေးရမှာပါ။

**မေး။** ။ဘေလီတံတားထိုးမယ်ဆိုရင်ရော အချိန်ဘယ်လောက်ယူရမလဲ။

ကီလိုမီတာ(၁၄၉)နှင့် (၁၄၉ ဒသမ ၅)ကြား လမ်းမြေပြိုကျနေရာတွင် ယာယီရှောင်ကွင်းလမ်းနှင့် ဘေလီတံတားထိုးမည့် အစီအမံပြကောင်းကင်ဓာတ်ပုံ






**ဖြေ။** ။အချိန်ဘယ်လောက်ယူရမလဲဆိုရင်တော့ လုပ်အားလုပ်နိုင်တဲ့အပေါ်နဲ့ ရာသီဥတုအပေါ်မှာ မူတည်ပါတယ်။ အဓိက ရာသီဥတုလည်း သာယာမယ်၊ လုပ်အားလည်း အချိန်ပြည့်လုပ်နိုင်မယ်ဆိုရင် အလွန်ဆုံးတစ်လပဲ။ တစ်လတည်းနဲ့ အပြီးဆောင်ရွက်လို့ရပါတယ်။

**မေး။** ။အခု ဘေလီတံတားထိုးဖို့ ဘယ်ရက်လောက်စပြီး လုပ်ဖြစ်မလဲ။

**ဖြေ။** ။သြဂုတ် ၁၀ ရက်နေ့ကစပြီး တံတားတည်ဆောက်ရေးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေစပြီး ပို့ဆောင်ဖို့ ဆောင်ရွက်နေပါပြီ။ ပို့ဆောင်ပြီးတာနဲ့ လိုအပ်တဲ့ ယာဉ်ယန္တရားတွေနဲ့ လုပ်ငန်းစတင်ဆောင်ရွက်မှာပါ။

**မေး။** ။အခုလောလောဆယ်ယာဉ်သွားလာမှုတွေကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။

**ဖြေ။** ။ကုန်တင်ယာဉ်ကြီးတွေတော့ သွားလို့မရသေးပါဘူး။ လူစီးယာဉ်တွေနဲ့ တချို့ပစ္စည်းသယ်ယာဉ်ငယ်လေးတွေကိုတော့ ယခင်က အသုံးပြုခဲ့တဲ့ မြဝတီ-ကော့ကရိတ် လမ်းဟောင်းဖြစ်တဲ့ ထို့ကော်ကိုးလမ်းပိုင်းကနေ နေ့စဉ်သွားလို့ရအောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

**မေး။** ။အာရှလမ်းကြီးနဲ့ပတ်သက်ပြီး ပင်မလမ်းမကြီးကို ဘယ်လိုဆက်ပြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်သွားမလဲ သိပါရစေ။

**ဖြေ။** ။ပင်မလမ်းမကြီး ပျက်စီးမှုကိုတော့ ပွင့်လင်းရာသီအချိန်မှာ တံတားဦးစီးဌာနမှ ဖြစ်ပေါ်လာနိုင်တဲ့ ရေအားပမာဏကို တွက်ချက်ပြီး ရေထွက်ပြွန်(Culvert) သို့မဟုတ် တံတား(Bridge) တည်ဆောက်သွားမှာဖြစ်ပါတယ်။

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးသည် ထိုင်း-မြန်မာ ကုန်စည်စီးဆင်းရာ အဓိကလမ်းကြောင်းထဲတွင် ပါဝင်ပြီး ကုန်တင်ယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် လမ်းဖြစ်သည့်အပြင် မြဝတီမြို့နှင့် ရန်ကုန်မြို့သို့ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၊ အိမ်စီးယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် လမ်းကြောင်းတစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံမှ စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ သစ်သီးနှင့် အခြားပစ္စည်းများ တင်သွင်းနေသော လမ်းပိုင်းဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း**
**ပြည်နယ်(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့၌ လမ်းနှင့်တံတားများ ပျက်စီးမှုဖြစ်ပွား

ပိုင်ကျုံ သြဂုတ် ၉

ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ စီးဆင်းမှုကြောင့် သြဂုတ် ၇ ရက်တွင် လမ်းများနှင့် တံတားများ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ ပျက်စီးမှုများကို တာလယ်ကျေးရွာ အုပ်စုတွင် အရှည် ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ်တံတားတစ်စင်း၊ အရှည် ပေ ၁၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ်တံတား တစ်စင်း၊ အရှည် ၁၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ်တံတားတစ်စင်းနှင့် အရှည် ပေ ၂၉၀၊ အကျယ် ပေ ၄၀၊ အမြင့် ၁၅ ပေ လမ်းနိမ့်ကျခြင်း၊ ဝင်းစောကျေးရွာအုပ်စုတွင် အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ် တံတားတစ်စင်း ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **နော်ခူး(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။



## ပဲခူးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရပ်ကွက်အနိမ့်ပိုင်းနေရာများ၌ ပဲခူးမြစ်ရေ ဝင်ရောက်

ပဲခူး သြဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ကျွန်းသာယာမြို့သစ်၊ ကျောက်ကြီးစု၊ ပြင်စီ၊ ရွာသစ်၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ကလျာဏီရပ်ကွက်တို့အတွင်း ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မြစ်ရေများ အဆက်မပြတ် ဝင်ရောက်လျက်ရှိသော ကွက်သစ်မှ အိမ်ထောင်စု ၄၀ အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၉၉ ဦး၊ အုတ်ကျင်းမှ အိမ်ထောင်စု ၂၄ စု အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၅၆ ဦး၊ ကုန်းပေါ်တန်းမှ အိမ်ထောင်စု ခြောက်စု အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း အိမ်ထောင်စု ၇၀ အမျိုးသား ၁၂၇ ဦး၊ အမျိုးသမီး ၁၈၃ ဦးတို့ကို ဘုန်းကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

■

# ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ နာဂါဆာကီမြို့အပေါ် အဏုမြူဗုံးကြဲချခြင်း (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**တိုကျို ဩဂုတ် ၉**

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ နာဂါဆာကီမြို့အပေါ် အဏုမြူဗုံး ကြဲချခြင်း (၇၈) နှစ်မြောက် အခမ်းအနားကို ဩဂုတ် ၉ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသည်။ ဗုံးကြဲချမှုကြောင့် ဂျပန်နိုင်ငံသား အများအပြားသေဆုံးခဲ့ပြီး ယင်းဖြစ်စဉ်အရ နိုင်ငံတကာမှ ခေါင်းဆောင်များအား နျူကလီးယား လက်နက်ဖျက်သိမ်းရေးအတွက် ဂျပန်နိုင်ငံက တောင်းဆိုခဲ့သည်။ ဗုံးကြဲချသည့်နေရာအနီးတွင် တည်ရှိသည့် နာဂါဆာကီပန်းခြံသို့ ဆုတောင်းရန် ဒေသခံများ ယနေ့နံနက်ပိုင်းက ရောက်ရှိခဲ့သည်။




ယခုအခမ်းအနားတွင် လူငယ်မျိုးဆက်များ စစ်ကိုကြုံတွေ့ခဲ့ရသည့် လူကြီးများ၏အသံကို တိုက်ရိုက်နားထောင်နိုင်ပြီး နျူကလီးယား၏ ဆိုးကျိုးများကို အနာဂတ်မျိုးဆက်များ သိရှိစေရေး အတွက် သတင်းအချက်အလက် ပို့ဆောင်ပေးနိုင်မည်ဟု မိမိယုံကြည်ပြီး မျိုးဆက်သစ်များကလည်း ဒီတာဝန်ကို ကျေပွန်ရမည်ဟု အဆိုပါအခမ်းအနား တက်ရောက်လာသူ လူငယ်တစ်ဦးက ပြောသည်။

အဆိုပါနှစ်ပတ်လည် အခမ်းအနားကျင်းပရာ အနီးရှိ ဘုရားရှိခိုးကျောင်းတစ်ခု၌ ဆုတောင်းပွဲ ကျင်းပခဲ့ရာတွင် တက်ရောက်ခဲ့သည့် အသက် ၈၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ၎င်း၏ခင်ပွန်းဘက်မှ ဆွေမျိုး ကိုးယောက်သည် အဏုမြူဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားကြ၍ ယနေ့ဤနေရာသို့ ရောက်လာပြီး ၎င်း၏ဆွေမျိုးများ ထာဝရငြိမ်းချမ်းစွာ အနားယူနိုင်ရန် ဆုတောင်းခဲ့ကြောင်းနှင့် ယနေ့ နှစ်ပတ်လည်နေ့တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို မိမိအထူးလိုလားကြောင်း ၎င်းက မှတ်ချက်ပြုသည်။

၁၉၄၅ ခုနှစ်ကုန်တွင် ၎င်းဖြစ်စဉ်ကြောင့် လူ ၇၀၀၀၀ ကျော် သေဆုံးခဲ့သည်။ အခြားသူများသည် နောက်ပိုင်းတွင် ဒဏ်ရာများ၊ ဓာတ်ရောင်ခြည် ဖျားနာခြင်း သို့မဟုတ် ကင်ဆာရောဂါများနှင့် ဓာတ်ရောင်ခြည်သင့်မှုများကြောင့် နှစ်အနည်းငယ်အကြာတွင် သေဆုံးခဲ့သည်။

**မျှော်လင့်နေ**

နာဂါဆာကီမြို့နေ ဒေသခံများက ကမ္ဘာ့ခေါင်းဆောင်များသည် ၎င်းတို့၏ အသံများကို ဂရုစိုက်နားထောင်ခြင်းဖြင့် ၎င်းတို့၏မြို့သည် ကမ္ဘာတွင် နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မှုခံရသည့် နောက်ဆုံးနေရာသာဖြစ်လာစေရေး မျှော်လင့်နေကြသည်။

၎င်းနှစ်ပတ်လည် အခမ်းအနားတွင်နာဂါဆာကီမြို့တော်ဝန် ဆူဇူကီရှိရိုက ကမ္ဘာ့ခေါင်းဆောင်များကို နျူကလီးယားလက်နက်များအပေါ် မှီခိုခြင်းမှ လျှော့ချရန်နှင့် နျူကလီးယားလက်နက် ဖျက်သိမ်းရေး ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

## ၂၀၂၃ ခုနှစ် ဇူလိုင်လသည် ကမ္ဘာ့အပူဆုံးလအဖြစ် မှတ်တမ်းဝင်

**ဘရပ်ဆဲ ဩဂုတ် ၉**

၂၀၂၃ ခုနှစ် ဇူလိုင်လသည် ကမ္ဘာ့ အပူဆုံးလအဖြစ် မှတ်တမ်းဝင်ကြောင်း ဥရောပသမဂ္ဂ အေဂျင်စီတစ်ခုက ပြောသည်။

**မြင့်တက်**

ဇူလိုင်လအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၆ ဒသမ ၉၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း Copernicus ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ၁၆ ဒသမ ၆၃ ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး အပူချိန်နှုန်းထားများ စတင်မှတ်တမ်းတင်သည့် ၁၉၄၀ ပြည့်နှစ်မှစပြီး အပူဆုံးစံချိန်တင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ အပူချိန်နှုန်းထားသည် ၂၀၁၉ ခုနှစ် ဇူလိုင်လအပူချိန်နှုန်းထားထက် ပိုမိုကျော်လွန်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၆ ရက်ကို အပူဆုံးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါနေ့တွင် ကမ္ဘာ့ပျမ်းမျှအပူချိန် ၁၇ ဒသမ ၀၈ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။



ကမ္ဘာ့ပင်လယ်ရေ မျက်နှာပြင် အပူချိန်သည် မေလလယ်မှစပြီး မြင့်တက်လာကြောင်း ယင်းအေဂျင်စီက ဆိုသည်။

ဇူလိုင် ၃၁ ရက်တွင် ပျမ်းမျှနေ့စဉ် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ၂၀ ဒသမ ၉၆ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်ရောက်ရှိခဲ့သည်။

၂၀၁၆ ခုနှစ် မတ်လ၏ ယခင်အမြင့်ဆုံး ၂၀ ဒသမ ၉၅ ဒီဂရီ စင်တီဂရိတ်ထက် ကျော်လွန်ခဲ့ကြောင်း အေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သောလတွင် အာရှ၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် ကမ္ဘာ့အနှံ့အပြား၌ အပူလှိုင်းဝင်ရောက်ခဲ့သည်။ ကနေဒါနှင့် ဂရိနိုင်ငံတို့၌ အပူချိန်လွန်ကဲမှုကြောင့် တောမီးများ အကြီးအကျယ်လောင်ကျွမ်းခဲ့သည်။

လူသားများ၏နေ့စဉ်ဆောင်ရွက်ချက်များကြောင့် ထွက်ရှိလာသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် စံချိန်တင်မြင့်မားသောအပူချိန်၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း အေဂျင်စီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်နိုင်ငံက သဘာဝဘေးအန္တရာယ် စောင့်ကြည့်ရေး ဂြိုဟ်တုတစ်စင်းလွှတ်တင်

**ပေကျင်း ဩဂုတ် ၉**

တရုတ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်စောင့်ကြည့်ရေးဂြိုဟ်တုတစ်စင်းအား ရှန်ဇီပြည်နယ် တိုင်ရွန် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ယနေ့လွှတ်တင်ခဲ့ကြောင်း သိရသည်။

၎င်းဂြိုဟ်တုအား Long March-2C သယ်ဆောင်ရေးဒုံးယာဉ်ဖြင့် ပေကျင်းစံတော်ချိန် နံနက် ၆ နာရီ ၅၃ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကာ စီစဉ်ထားသည့်အတိုင်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်းသိရသည်။

အဆိုပါဂြိုဟ်တုကို အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတို့မှ လုပ်ငန်းများကို စီမံခန့်ခွဲရန် အသုံးပြုမည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုသည် အရေးပေါ် စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအတွက် ပဏာမဂြိုဟ်တုအဖြစ် ပြီးခဲ့သော အောက်တိုဘာလတွင် အာကာသထဲသို့ လွှတ်တင်ခဲ့သည့် အလားတူ ဂြိုဟ်တုတစ်ခုနှင့် ပတ်လမ်းအတွင်း ကွန်ရက်တစ်ခု ဖွဲ့စည်းမည်ဖြစ်သည်။

ဂြိုဟ်တုပေါ်ရှိ အရေးပေါ်ဒေတာ စီမံဆောင်ရွက်ပေးသည့်စနစ်သည် ပုံရိပ်များကို အချိန်နှင့်တစ်ပြေးညီ ပုံရိပ်ဖော်နိုင်သည့်အပြင် သတင်းအချက်အလက်ရယူခြင်းနှင့် သဘာဝဘေးကျရောက်နိုင်သည့် နေရာများအတွက် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်ခြင်းများကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည့်အပြင် ဂြိုဟ်တုရှိ ရေဒါစနစ်သည် တိမ်ထူထပ်ပြီး မိုးရွာသွန်းသည့်နေ့များတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်သည်။ ၎င်းဂြိုဟ်တုသည် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် အခြေခံအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး မြေယာအရင်းအမြစ်စစ်တမ်းများ၊ ရေထိန်းသိမ်းမှု၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာလုပ်ငန်းများကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

## ယခုနှစ် ဩဂုတ် ၈ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် ရှစ်သိန်းကျော်ရှိ

**ကိုလံဘို ဩဂုတ် ၉**

ယခုနှစ် ဇန်နဝါရီလမှစပြီး ဩဂုတ် ၈ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက်သည် ရှစ်သိန်းကျော်ရှိပြီး ယမန်နှစ် အဆိုပါကာလအတွင်း နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုအရေအတွက်ထက် ကျော်လွန်ခဲ့ကြောင်း သီရိလင်္ကာ ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ဩဂုတ်လ ပထမခြောက်ရက်အတွင်း နိုင်ငံခြားသား ခရီးသည် ၃၀၃၀၃ ဦးကို လက်ခံရရှိခဲ့ပြီး ယင်းတို့အနက် အိန္ဒိယ၊ ဗြိတိန်နှင့် တရုတ်နိုင်ငံတို့မှ ခရီးသည်အများဆုံးဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ကိုဗစ်- ၁၉ ကပ်ရောဂါနှင့် နိုင်ငံတွင်း စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများကြောင့် ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက်သည် ၇၂၀၀၀၀ အထိသာ ရှိခဲ့သည်။သို့သော်တရားဝင်အချက်အလက်များအရ ခရီးသွားလုပ်ငန်းသည် ၂၀၂၃ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ် လအတွင်း ဇွန်လသည် ခရီးသွားဝင်ရောက်မှုအရေအတွက် ၁၄၃၀၃၉ ဦးရှိပြီး ကျန်လများထက် ခရီးသွားဝင်ရောက်မှု အများဆုံး ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## အာဖဂန်နစ္စတန်နိုင်ငံ မတည်မငြိမ်ဖြစ်စေရေးအတွက် အမေရိကန်နိုင်ငံက ရည်ရွယ်ချက်ရှိရှိဆောင်ရွက်နေဟု အီရန်တာဝန်ရှိသူပြောကြား

**တီဟီရန် ဩဂုတ် ၉**

အာဖဂန်နစ္စတန်နိုင်ငံ မတည်မငြိမ် ဖြစ်စေရေးအတွက် အမေရိကန်နိုင်ငံက ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေပြီး ၎င်းမတည်ငြိမ်မှု အကျိုးဆက်ကို အိမ်နီးချင်းနိုင်ငံများကပါ ခံစားရစေရေး ဆောင်ရွက်နေကြောင်း အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ အီရန်အထူးကိုယ်စားလှယ် ဟာဆန်ကာဇေမီက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန် တပ်ဖွဲ့များ ဆုတ်ခွာခဲ့ချိန် ၂၀၂၁ ခုနှစ်မှ စတင်၍ အာဖဂန်နစ္စတန်နိုင်ငံရှိ အကြမ်းဖက်အဖွဲ့အစည်းများအား အမေရိကန်က ထောက်ပံ့ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုသည်။ ထို့ပြင် အာဖဂန်နစ္စတန်အား ကမ္ဘာ့အသိုင်းအဝိုင်းမှ ကြဉ်ထုတ်နိုင်ရန်အတွက် အာဖဂန်တာဝန်ရှိသူများအား အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည့်အပြင် နိုင်ငံပိုင် ပစ္စည်းဥစ္စာများကိုလည်း သိမ်းယူထားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန် ပြည်ထောင်စုသည် အာဖဂန်နစ္စတန်တွင် တည်ငြိမ်ရေးကို မလိုလားကြောင်းနှင့် ၎င်းကဲ့သို့မလိုလားရခြင်းမှာ အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်မှုရလာပါက အခြားနိုင်ငံများအတွက် ထောက်ပံ့မှုများ ပေးနိုင်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မျှော်လင့်စောင့်စား**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများကမူ ဒေသတွင်းအကျိုးစီးပွား ဖြစ်လာစေရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တည်ငြိမ်မှု ပြန်လည်ရရှိရန် မျှော်လင့်စောင့်စားနေကြောင်းလည်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# ပေါက်ခေါင်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

ပေါက်ခေါင်း ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၈) စက်မှုလယ်ယာစခန်းက ကောက်စိုက်စက်ဖြင့် ရတနာတိုးစပါး စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ကွင်းအမှတ် - ၆၉၉ ရွှေပန်းတောကွင်း တောင်သူဦးသိန်းဇော်ဦး၏ လယ်မြေ သုံးဧက၌ ပြုလုပ်သည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ ပြည်ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးသိန်းဇော်၊ ပေါက်ခေါင်းမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများဖြစ်သော မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတာဝန်ရှိသူများ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးလှထွန်းနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးလှထွန်းက တက်ရောက်လာသောတောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့ပြီး ကောက်စိုက်စက်ဖြင့်စိုက်ပျိုးနေမှုကို လက်တွေ့စိုက်ပျိုးပြသခဲ့ရာ တောင်သူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

# "ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

"ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး "ရာဇဝင်ကြိုသိသူများ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ အကယ်ဒမီအောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ တိမ်ညွန့်၊ ရာကျော်၊ နိုင်မိုး၊ မတူး၊ ကြူကြူသင်းနှင့် ခရမ်းတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV–HD Channel မှ ဩဂုတ် ၁၂ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဩဂုတ် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# တာချီလိတ်မြို့၌ ရော်ဘာပင် မိုးကာအုပ်အစေးခြစ်ကွင်းသရုပ်ပြပွဲ ကျင်းပ

တာချီလိတ် ဩဂုတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ ရော်ဘာ ၁၀ ဧက စိုက်ပျိုးထားသည့် ရော်ဘာစိုက်တောင်သူဦးမောင်ဝင်း၏ စိုက်ခင်း၌ ရော်ဘာမိုးကာအုပ် အစေးခြစ်ကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ၉နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ရော်ဘာမိုးကာအုပ် အစေးခြစ်စနစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရန်နှင့် တစ်ဧကအထွက်နှုန်း ပိုမိုရရှိပြီး အရည်အသွေးကောင်းမွန်သည့်ရော်ဘာများ ထုတ်လုပ်တင်ပို့လာနိုင်စေရေး အလေးထားဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ နှစ်ရှည်သီးနှံဌာနခွဲမှ ဒေါက်တာမြတ်သူတို့က မိုးရာသီတွင် ရော်ဘာ မိုးကာအုပ်အစေးခြစ်ဖြင့် ရော်ဘာစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိစေမည့် အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် နည်းပညာများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ရော်ဘာစိုက်တောင်သူ ၅၀ အား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ရော်ဘာမိုးကာအုပ်အစေးခြစ် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရော်ဘာပင်၌ မိုးကာအုပ်အစေးခြစ်ခြင်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နမ့်ခမ်းမြို့နယ်၌ မြေပြိုကျသဖြင့် ကလေးငယ်တစ်ဦးသေဆုံး

နမ့်ခမ်း ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ယနေ့နံနက် ၁၁ နာရီတွင် မန်ကန်ကျေးရွာ၌ မြေပြိုကျပြီး အိမ်အတွင်းရှိ ကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်အတွင်း ဩဂုတ် ၇ ရက်မှ ယနေ့အထိ မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် မန်ကန်ကျေးရွာ၌ မြေသားများအိကျကာ ကျေးရွာအတွင်းရှိ နေအိမ်နှစ်လုံးပေါ်သို့ မြေပြိုကျခဲ့ရာ နေအိမ်အတွင်း နေထိုင်လျက်ရှိသည့် မိသားစုဝင်များအနက် အသက် နှစ်နှစ်အရွယ်ရှိ လွေးအီပို့ညောဲမ်သည် အခင်းဖြစ်ပွားသည့်နေရာ၌ သေဆုံးခဲ့ပြီး အဘွားဖြစ်သူမှာ ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၀ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၂၀ |
| 95 Ron | ၂၃၀၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၃၀ | ၂၃၉၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၈၀ | ၃၂၂၀ |
| HSD (50 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၈ | ၂၁၆၃ |
| 95 Ron | ၂၁၉၆ | ၂၂၇၄ |
| HSD (500 ppm) | ၂၂၄၇ | ၂၃၂၂ |
| HSD (50 ppm) | ၂၃၂၁ | ၂၃၉၇ |
| HSD (10 ppm) | ၂၃၂၁ | ၂၃၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၀၂ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၀၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၆၆,၉၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၁၀၇)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၉၁၂) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်




NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် နေရာပြပုံ။

နေပြည်တော် ဩဂုတ် ၉

NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မြို့ရွာများမှ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံ့ဝန်ထမ်းနှင့် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၃၀ အား ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခင်ဦးမြို့နယ် ရွာသန်းကျေးရွာရှိ နေအိမ်နှစ်လုံးအတွင်းမှ ကောင်းမွန်စွာ ပြန်လည် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုန်းကုန်းကျေးရွာ၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာ လယ်ကွင်းများ၌ စပါးစိုက်ပျိုးနေကြသည့် ဒေသခံပြည်သူ ၂၁ ဦးနှင့် နွား၊ သိုး၊ ဆိတ်နှင့် လှည်းများအား ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆိုပါကျေးရွာသူ ကျေးရွာသားများအား ငွေကြေးဖြင့် လာရောက်ရွေးရန် အတင်းအဓမ္မခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများက ဖမ်းဆီးခံ ကျေးရွာသူ ကျေးရွာသားများအား ပြန်လည်ကယ်တင်ပေးရန် နယ်မြေခံတပ်သို့ လာရောက် အကူအညီ တောင်းခံခဲ့သည်။

ထိုသို့ ဒေသခံပြည်သူများ၏ လာရောက် အကူအညီတောင်းခံမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင် သတင်းဖော်ထုတ်၍ ယနေ့နံနက် ၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီ အခြေပြုနေထိုင်သည့် ခင်ဦးမြို့နယ် ရွာသန်းကျေးရွာသို့ ဝင်ရောက်စီးနင်း ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် အကြမ်းဖက်သမားများ ဖမ်းဆီးထားသော ဘုန်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ အပြစ်မဲ့ ဒေသခံပြည်သူ ၂၉ ဦးနှင့် မီးသတ်ဝန်ထမ်း တစ်ဦး စုစုပေါင်း ၃၀ တို့အား ကယ်ဆယ်နိုင်ခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ လက်လုပ်စိန်ပြောင်း သုံးလက်၊ လက်လုပ်ဗုံးသီး ၄၂ လုံး၊ လက်လုပ်ရှော့တိုက်ဒုံး ၁၂ လုံး၊ လက်လုပ်သေနတ် လေးလက်၊ မိုင်းမျိုးစုံ ၁၆ လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျေးရွာသူ ကျေးရွာသားများ၏ ရင်တွင်းစကားသံကို ယခုလိုကြားသိခဲ့ရသည်။

ကျွန်တော်တို့ ဩဂုတ် ၅ ရက်နေ့မှာ PDF အကြမ်းဖက်သမားများက ကျွန်တော်တို့ တောင်သူတွေ၊ နွားကျောင်းသားတွေ၊ လယ်ယာ လုပ်ကိုင်သူတွေကို လူ ၂၀ / ၂၅ လောက် ကျွန်တော်တို့ရွာရဲ့ အနောက်ဘက်မှာ လာရောက်ပြီးတော့ ပျိုးနုတ်သမားတွေကို ဖမ်းဆီးလာခဲ့တယ်။ နောက် နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေကိုလည်း ဖမ်းဆီးလာခဲ့တယ်။ ကျွန်တော်



ဖမ်းဆီးခေါ်ဆောင်ခံရသည့် ကျေးရွာသားတစ်ဦး

ဟာ ဦးပေါ်ဖြစ်တဲ့အတွက် ကျွန်တော့် ငါးကန်နဲ့ ကျွန်တော့် နွားအုပ်တွေကို ကျောင်းနေတဲ့ အချိန်မှာ ကျွန်တော်တို့ရွာက လူတွေကို လှည်းနွားက ငါးစီး၊ နွားထီး ၁၀ ကောင်ပေါ့ဗျာ။ အဲဒီအချိန်မှာ သူတို့က မောင်းလာပြီး ကျွန်တော်က ကြည့်လိုက်တဲ့အချိန် ကျွန်တော်တို့ သားဖနစ်ယောက်ကိုပါ လှည်းပေါ်တက် မင်းတို့ဆိုပြီး သူတို့က အကုန်လုံး ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်သွားတဲ့အချိန်မှာ နွားတွေကို အတင်းရိုက်မောင်းခိုင်းပြီး လှည်းတွေပေါ် ကျွန်တော်တို့ တက်ခိုင်း ကြိုးတုပ် အဲဒီလိုလုပ်ခဲ့တဲ့ အချိန်မှာ ကျွန်တော်တို့ ဟိုဘက်ရောက်တဲ့ အချိန်မှာ ကျွန်တော်တို့ တင်လားလို့ တွက်ကြည့်လိုက်တော့ လူအင်အားက ၂၁ ယောက်ဖြစ်သွားတယ်။ ဒီလူတွေရော ငါတို့ရွာကပါလားလို့ အဲဒီအချိန်မှာ နွားအုပ်ကလည်း အကုန် ၇၀ နီးပါးလောက်ရှိပါတယ်။ အဲဒီအချိန်မှာ သိုး၊ ဆိတ်သမားက အကောင် ၃၀၀ ကျော်ဖြစ်သွားတယ်။ ဖြစ်တဲ့ အချိန်မှာ ကျွန်တော်တို့ကို မျက်စိတွေ ပဝါတွေစည်း၊ လှည်းတွေနဲ့ အတင်းမောင်း ကျွန်တော်တို့ သူတို့ဘက်နီးလာတဲ့အချိန်ကြမှ ကျွန်တော်တို့ မျက်စိတွေ ပဝါနဲ့စည်းပြီးတော့ ဘယ်ရွာဆိုတာ အစတုန်းက ခေါ်သွားမှန်း ကျွန်တော်တို့လည်း မသိခဲ့ဘူး။ ဟိုရောက်တဲ့အချိန်မှာ ကျွန်တော်တို့ထားတဲ့ ရွာဘေးတိုက်တစ်တိုက်ထဲမှာ ထည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့က အဲဒီအချိန်မှာ ပဝါတွေကိုဖွင့်တဲ့ အချိန်မှာ မျက်စိတွေက တစ်နာရီ၊ နှစ်နာရီထက်မက ပိတ်ထားတဲ့ အချိန်မှာ ကျွန်တော်တို့ ပြာနေတဲ့ အချိန်မှာ မသိဘူး။ နောက်ကျမှ ဘယ်သူဘယ်ဝါကြည့်လိုက်တော့ ဒါတွေလည်းငါ့ရွာကပါလား။ အဲဒီချိန်မှာ သူတို့က PDF အကြမ်းဖက်တွေကနေပြီးတော့ ခင်ဗျားတို့ ထွက်မပြေးနဲ့ ထွက်ပြေးလိုက်ရင် ခင်ဗျားတို့ အကုန်ပစ်သတ်မှာ ခင်ဗျားတို့လမ်းကတည်းက သူတို့က ကြိမ်းခဲ့တယ်။ ကြိမ်းခဲ့တဲ့ အချိန်မှာ ဩော်ကိုယ်ကတော့ မိသွားပြီဆိုတော့ ကျွန်တော်တို့ကတော့ ငါတို့ကတော့ သေလူပဲ။ ဒီအချိန်မှာ သူတို့သတ်ရင် သေရမှာဆိုတဲ့အတွေးနဲ့ သူတို့ကို ကျွန်တော်တို့က ပြန်မပြောဘဲ ဒီအတိုင်းပဲနေခဲ့ရတယ်။ နေတဲ့ အချိန်မှာ အဲဒီအချိန်ကျမှ ဒီတစ်ယောက်ချင်းကို ခင်ဗျားတို့ထွက်ပြေး တစ်ယောက်ချင်း ထွက်ပြေး ခိုင်းတယ်။ မပြေးရဲဘူး ကျွန်တော်တို့လည်း။ ဒီလူတွေဟာ သေအတူ ရှင်အတူနေမယ်ဆိုပြီး ကျွန်တော်တို့လည်း နေခဲ့တယ်။ နေခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ကြားဖူးနားဝရှိထားတယ်။ မင်းတို့ခင်ဗျားတို့ ပိုက်ဆံပေး။ ခင်ဗျားတို့ ပြန်ချင်ရင် ပိုက်ဆံနဲ့ ရွေးခိုင်းရမယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က ပိုက်ဆံနဲ့လည်း ရွေးစရာမရှိတော့ဘူး။ နွားတွေ ဘာတွေကလည်း ပါနေတဲ့အချိန်မှာ ကျွန်တော်တို့က အဲဒီပိုက်ဆံရွေးခိုင်းတဲ့အချိန်ဘေးမှာလည်း ကြားထားတယ်။ တစ်ရွာတွေက မိလာတဲ့လူတွေကို PDF အကြမ်းဖက်တွေကနေပြီးမှ ပိုက်ဆံတောင်းတယ်။ ပိုက်ဆံမပေးရင်သတ်ပြစ်တယ်။ သတ်ပစ်တဲ့အပြင် ဘာတွေလုပ်လဲဆိုရင် ကျွန်တော်တို့က ကြားထားတာ မူးချောင်းထဲမှာ ရေမျှောတယ်၊ ဇက်ဖြတ်တယ်။ ကျွန်တော်တို့ ကိုယ်တွေ့ကို မြင်နေရတာ၊ ကန်တော်အတွင်းထဲမှာ တွေ့တယ်။ တွေ့နေတဲ့အချိန်မှာ ကျွန်တော်တို့က မပြောရဲတဲ့အတွက် ကျွန်တော်တို့က ဒီအတိုင်းပဲနေ လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့လို ဘေးရွာကလည်း ချုပ်နှောင်ထားတဲ့သူ အဲဒီအထဲမှာရှိပါတယ်။ ရှိတဲ့အချိန် ကျွန်တော်တို့ လူ ၂၁ ယောက်က အခုချိန်မှာ ၉ ရက် ၈ လ ၂၀၂၃ ချိန်မှာခု ၅ နာရီလောက်မှာ သေနတ်သံတွေကကြားရော။ ကြားတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ဝပ်နေရတယ်။ ဝပ်နေတဲ့အချိန်မှာ ကျွန်တော်တို့ လူတစ်ယောက်က ကျွန်တော်တို့ ရွာသားတစ်ယောက်က ပျောက်သွား။ ပျောက်တဲ့အချိန်မှာ နောက် ကျွန်တော်တို့က ကြည့်လိုက်တဲ့ အချိန်မှာ ဒီဟာတော့ကယ်ဆယ်ရေးတွေလာတာပဲ။ ဟော့ကောင်တွေ ထွက်ခဲ့ မင်းတို့ကို ငါတို့ လာကယ်တယ် မင်းတို့ကို ဘာလုပ်မယ့်သူမဟုတ်ဘူး။ ညာလုပ်မယ့်သူမဟုတ်ဘူးဆိုတော့ ကျွန်တော် ပြည်သူ့ တပ်မတော်သားတွေကို အထူးပဲ ကျေးဇူးတင်တယ်။ ကျွန်တော်တို့က ကျွန်တော်တို့ကို ဒီလိုအသက်ရှင်စွာနဲ့ ကယ်ထုတ်ခဲ့တဲ့အတွက် ကျွန်တော်နိုင်ငံတော် ကာကွယ် စောင့်ရှောက်နေတဲ့ ပြည်သူ့ တပ်မတော်သားတွေနဲ့ ကျွန်တော် အကုန်ဝမ်းသာလွန်းလို့ အခုချိန်ထိ အသက်ရှင်ရှင်နဲ့ ကျွန်တော်ရောက်လာတဲ့အတွက် ကျွန်တော်အထူးပဲ ဝမ်းလည်းသာပါတယ်။ ဝမ်းလည်း နည်းတယ်။ ကျွန်တော့်ရွာသားတွေကို ဒီလို လုပ်နေတဲ့အတွက် ကျွန်တော် ခံစားရလွန်းလို့ ကျွန်တော်ရင်ဖွင့်တာပါဗျာ။ ကျွန်တော် ဒါပါပဲဗျာ။

အကြမ်းဖက် သမားများ အနေဖြင့် ယခုကဲ့သို့ ရိုးသားစွာ နေထိုင် လုပ်ကိုင်စားသောက်လျက်ရှိသော အပြစ်မဲ့ ကျေးရွာသူ ကျေးရွာသားများကို အတင်း ချုပ်နှောင်ဖမ်းဆီးခြင်း၊ နိုင်ငံ့ ဝန်ထမ်းများကို အကျပ်ကိုင် ခြိမ်းခြောက်ချုပ်နှောင်ခြင်းများ သည် ဂျီနီဗာ ကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့ အပေါ် ထိရောက်စွာ အရေးယူ နိုင်ရေးလုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက် ချေမှုန်းရေး ဆောင်ရွက်မှု ( Counter-terrorism Action ) ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် အများ ပြည်သူများအနေဖြင့် အကြမ်း ဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်း များရရှိက လုံခြုံရေးတပ်ဖွဲ့ဝင် များထံသို့ လျှို့ဝှက်စွာ သတင်း ပေးတိုင်ကြားရန် အသိပေးထုတ် ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Min Hein" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ ရွာသစ်ရပ်နေ ရဲမင်းဟိန်းအား ညနေ ၆ နာရီ မိနစ် ၄၀ တွင် မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သံမဏိအနာဂတ်နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)

**ကျော်မင်းအောင်(စက်မှု)**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၈-၂-၂၀၂၃ ရက်နေ့က တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ကို လာရောက်စစ်ဆေးစဉ် "နိုင်ငံတော်တည်ဆောက်ရေးတွင် သံမဏိသည် မဖြစ်မနေလိုအပ်သည့်ပစ္စည်းဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။**

ယနေ့ခေတ်ကာလ နိုင်ငံတိုင်း၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် သံမဏိသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ကမ္ဘာ့သံမဏိထုတ်လုပ်မှုသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပါသည်။ World Steel Association ၏ ၂၀၂၂ World Steel In Figures တွင် ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့သံမဏိထုတ်လုပ်မှု (Crude Steel Production) သည် တန်ချိန် ၁၈၇၉ သန်းရှိရာမှ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၁၉၅၁ သန်းဖြင့် တန်ချိန် ၇၂ သန်း တိုးတက်ထုတ်လုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်တာအတွင်း နှစ်စဉ် ၃ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် တစ်နှစ်အတွင်း ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရိုက်ခတ်မှုများကြောင့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းအများစုမှာ ရပ်ဆိုင်းခဲ့သော်လည်း သံမဏိထုတ်လုပ်မှုမှာ ယခင်နှစ်များထက်ပင် ပို၍ထုတ်လုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း အများဆုံးထုတ်လုပ်ခဲ့သည့် နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံက တန်ချိန် ၁၀၃၂ ဒသမ ၈ သန်းဖြင့် အများဆုံးဖြစ်ပြီး ၎င်း၏နောက်တွင် အိန္ဒိယနိုင်ငံသည် တန်ချိန် ၁၁၈ ဒသမ ၂ သန်းဖြင့် ဒုတိယနှင့် ဂျပန်နိုင်ငံသည် တန်ချိန် ၉၆ ဒသမ ၃ သန်းဖြင့် တတိယနေရာတွင် ရှိခဲ့ပါသည်။

**သံမဏိသုံးစွဲမှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်း**

မြန်မာနိုင်ငံ၏ သံမဏိသုံးစွဲမှုမှာ တစ်နှစ်လျှင် ၂ ဒသမ ၅ သန်းခန့် ရှိပြီး ထုတ်လုပ်မှုပမာဏမှာ ခန့်မှန်းတန်ချိန် သုည ဒသမ ၅ သန်းခန့်သာရှိသဖြင့် သံမဏိသုံးစွဲမှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရပါသည်။ ထို့အပြင် သုံးစွဲမှုပမာဏတိုးတက်မှုမှာ ရှစ်ရာခိုင်နှုန်းရှိသဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းမှုကို မှီခိုနေရပြီး သံနှင့်သံမဏိတင်သွင်းမှုစျေးကွက်တစ်ခုတည်းပင် နိုင်ငံခြားငွေအမြောက်အမြားသုံးစွဲနေရပါသည်။

**စက်ရုံ၏အဓိကထုတ်ကုန်မှာ သံစိမ်း (Pig Iron) ဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ထုတ်လုပ်မည်ဖြစ်ပါသည်။ စက်ရုံအတွက် အဓိကလိုအပ်သောကုန်ကြမ်းငါးမျိုးမှာ သံရိုင်း (ဟီမင်တိုက်နှင့် လီမွန်နိုက်)၊ ထုံးကျောက်၊ ဒိုလိုမိုက်ကျောက်၊ ဆီလီကာသဲနှင့် ကျောက်မီးသွေးတို့ဖြစ်ပါသည်။ ကျောက်မီးသွေးမှအပ ကျန်သောကုန်ကြမ်းလေးမျိုးမှာ စက်ရုံဧရိယာအနီးဝန်းကျင်တွင် ရှိပါသည်။ စက်ရုံ၏ထုတ်လုပ်နိုင်မည့် သက်တမ်းအနေဖြင့် ပင်းပက်ဒေသရှိ သံရိုင်းထွက်ရှိနိုင်မည့် တန်ချိန် သန်း ၇၀ အပေါ်တွင် မူတည်တွက်ချက်ပါက နှစ်ပေါင်း ၁၁၀ အထိ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ စက်ရုံအတွက် အသုံးပြုမည့်ရေကို စက်ရုံအရှေ့ဘက် ကပ်လျက်တည်ရှိသည့် နမ့်တစ်ဖက်ချောင်းမှ ရရှိမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ကို ကျောက်ဖြူ-ကူမင်း ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ရယူထား**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်တို့မှ တင်သွင်းခဲ့သည့် သံ၊ သံမဏိနှင့် ဆက်စပ်ပစ္စည်းများ၏ စုစုပေါင်းတန်ချိန်မှာ သုည ဒသမ ၈ သန်းခန့်ရှိပြီး တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၆၀ ကျော်ရှိပါသည်။

မြန်မာနိုင်ငံတွင် သံမဏိထုတ်လုပ်သည့်လုပ်ငန်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ပုဂ္ဂလိကပိုင် သံရည်ကျိုလုပ်ငန်းများက ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် သံမဏိထုတ်လုပ်သည့်လုပ်ငန်းများမှာ သံရိုင်း (Iron Ore) မှ သံစိမ်း သို့မဟုတ် သံမဏိသို့ နည်းစဉ်တစ်ခုခုအသုံးပြု၍ ပြောင်းလဲထုတ်လုပ်သည့်လုပ်ငန်းများမဟုတ်ဘဲ semi-product များမှလည်းကောင်း၊ သံနှင့်သံမဏိဖြတ်စ (Iron and Steel Scrap) များမှလည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိထုတ်ကုန်များနှင့် သံမဏိပစ္စည်းများ ပြောင်းလဲထုတ်လုပ်ပေးသည့်လုပ်ငန်းများသာ ဖြစ်ပါသည်။ ၎င်းတို့အနက် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) မှာ သံရိုင်းမှ သံစိမ်းသို့ ပြောင်းလဲထုတ်လုပ်ပေးမည့် စက်ရုံတစ်ရုံဖြစ်ပါသည်။




အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ရှိ အဓိကအလုပ်ရုံများကို တွေ့ရစဉ်။

**၂၀၀၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်**

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ပူးပေါင်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီး မိတ္ထီလာ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၁၂၂)၏ တောင်ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

စက်ရုံ၏ အဓိကထုတ်ကုန်မှာ သံစိမ်း (Pig Iron) ဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ထုတ်လုပ်မည်ဖြစ်ပါသည်။ စက်ရုံအတွက် အဓိကလိုအပ်သော ကုန်ကြမ်းငါးမျိုးမှာ သံရိုင်း (ဟီမင်တိုက်နှင့်လီမွန်နိုက်)၊ ထုံးကျောက်၊ ဒိုလိုမိုက်ကျောက်၊ ဆီလီကာသဲနှင့် ကျောက်မီးသွေးတို့ဖြစ်ပါသည်။ ကျောက်မီးသွေးမှအပ ကျန်သောကုန်ကြမ်းလေးမျိုးမှာ စက်ရုံဧရိယာအနီးဝန်းကျင်တွင်ရှိပါသည်။ စက်ရုံ၏ထုတ်လုပ်နိုင်မည့် သက်တမ်းအနေဖြင့် ပင်းပက်ဒေသရှိ သံရိုင်းထွက်ရှိနိုင်မည့် တန်ချိန် သန်း ၇၀ အပေါ်တွင် မူတည်တွက်ချက်ပါက နှစ်ပေါင်း ၁၁၀ အထိ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ စက်ရုံအတွက် အသုံးပြုမည့်ရေကို စက်ရုံအရှေ့ဘက် ကပ်လျက်တည်ရှိသည့် နမ့်တစ်ဖက်ချောင်းမှ ရရှိမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ကို ကျောက်ဖြူ-ကူမင်း ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ရယူထားပါသည်။

**ရိုမဲ့နည်းစဉ်**

လျှပ်စစ်ဓာတ်အားကို ကလော(အင်ပြင်) ဓာတ်အားခွဲရုံ (၁၃၂ ကေဗွီလိုင်း)မှ ရယူထားပါသည်။ သံစိမ်းထုတ်လုပ်ရန် အသုံးပြုသည့်နည်းစဉ်မှာ ရုရှားနိုင်ငံက တီထွင်ထားသည့် ရိုမဲ့နည်းစဉ် (Romelt Process) ဖြစ်ပါသည်။ ၎င်းနည်းစဉ်သည် အရည်အသွေးနိမ့်သည့် သံရိုင်း (Low Grade Iron Ore) နှင့် ဆပ်ဘီတူမီးနပ် (Sub-Bituminous) အဆင့်ရှိ ကျောက်မီးသွေးတို့ကို အသုံးပြု၍ သံစိမ်းထုတ်လုပ်နိုင်ရန် တီထွင်စမ်းသပ်ထားသောနည်းစဉ်ဖြစ်ပြီး သံရိုင်းနှင့်ကျောက်မီးသွေးတို့ကို သီးခြားပြုပြင်ပေးရန်မလိုဘဲ သံရည် (Liquid Pig Iron) ရသည်အထိ အဆင့်တစ်ဆင့်တည်းဖြင့် ကျိုချက်နိုင်သည့်နည်းစဉ် (Single-Stage Smelting Reduction Process) ဖြစ်ပါသည်။

အဓိကထုတ်ကုန် သံစိမ်းနှင့်အတူ ချော် (Slag) နှင့် စွန့်ပစ်အပူများပါ ဘေးထွက်ပစ္စည်း (By Product) အဖြစ် ထွက်ရှိလာမည်ဖြစ်ပါသည်။ ချော်ကိုချော်လုံး (Granulated Slag) အဖြစ် ထုတ်လုပ်၍ ဘိလပ်မြေစက်ရုံများသို့ ရောင်းချနိုင်မည်ဖြစ်ပါသည်။ စွန့်ပစ်အပူကို စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ (Waste Heat Recovery Power Station) သို့ ပေးပို့၍ တာဘိုင်နှင့်ဂျင်နရေတာများကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်မည်ဖြစ်ပါသည်။ စက်ရုံအတွက် လျှပ်စစ်ဓာတ်အား ၃၂ မဂ္ဂါဝပ် အသုံးပြုပြီး ပိုလျှံသော လျှပ်စစ်ဓာတ်အား ရှစ်မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းစနစ်သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို တစ်နှစ်လျှင် သံစိမ်းတန်ချိန်နှစ်သိန်း ထုတ်လုပ်ပြီး နိုင်ငံတော်၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး မျှော်မှန်းချက်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကလိုအပ်သည့် သံနှင့်သံမဏိထုတ်ကုန်များ ထုတ်လုပ်ပေးရန်၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သံ၊ သံမဏိထုတ်လုပ်မှုနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ အသုံးပြုပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်တို့ဖြစ်ပါသည်။

**စာမျက်နှာ ၁၇ သို့** ✧

# မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၉

**ပဲခူးမြစ်**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဧရာဝတီမြစ်**

ယနေ့မွန်းလွဲ ၂နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့မွန်းလွဲ ၂နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ်**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ဘီးလင်းမြစ်**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့ တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**လေးမြို့မြစ်**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံတွဲချောင်း**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံတွဲချောင်းရေသည် သံတွဲမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပဲခူးမြို့၊ ရွှေကူမြို့၊ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

✧ စာမျက်နှာ ၁၆ မှ

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ၏ တည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ခဲ့ရာ ၂၁-၁၀- ၂၀၁၅ ရက်နေ့တွင် ပထမအဆင့်စမ်းသပ်လည်ပတ်ခြင်းကို အလုပ်ရုံလေးရုံတွင်လည်းကောင်း၊ ၂၀-၃-၂၀၁၆ ရက်နေ့တွင် ဒုတိယအဆင့် စမ်းသပ်လည်ပတ်ခြင်းကို အလုပ်ရုံခြောက်ရုံတွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

၂၆-၁၀-၂၀၁၆ ရက်နေ့တွင် ဝန်မဲ့စမ်းသပ်ခြင်းကို အလုပ်ရုံ ၁၉ ရုံတွင် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ၁၅-၃-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆုံးဖြတ်ချက်နှင့် ၂၀-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ၃၁-၃-၂၀၁၇ ရက်နေ့တွင် ယာယီရပ်ဆိုင်းခဲ့ပါသည်။

**နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရ**

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း စီမံကိန်းလုပ်ငန်းသည် တိုင်းပြည်၏ အမှန်တကယ်လိုအပ်ချက်ဖြစ်ခြင်းအပေါ် နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲ ရပ်ဆိုင်းခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁-၁၀-၂၀၂၁ ရက်နေ့တွင် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသို့ ပထမဆုံးအကြိမ် လာရောက်ကြည့်ရှုခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်ရန် လမ်းညွှန်ခဲ့ပါသည်။ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ၄-၁၀-၂၀၂၁ ရက်နေ့တွင် ပြန်လည်စတင်ခဲ့ပြီး စီမံကိန်း အောင်မြင်စွာလည်ပတ်နိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့အပြင် မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့နှင့် ပြည်တွင်းပညာရှင်များနှင့်ပူးပေါင်း၍ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို လေးနှစ်ကြာရပ်ဆိုင်းထားစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား ကာလရှည်ကြာစွာ ဖြတ်တောက်ထားခြင်းနှင့် ရာသီဥတုဒဏ်ကြောင့် ချွတ်ယွင်းပျက်စီးခဲ့သော စက်နှင့်စက်ကိရိယာများကို ပြန်လည်ပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်း၊ စက်ဆီချောဆီများ လဲလှယ်ခြင်း၊ ဖြည့်တင်းခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ လည်ပတ်စစ်ဆေးခြင်းနှင့် ကွန်ပျူတာထိန်းချုပ်အသုံးပြု၍ ဝန်မဲ့မောင်းနှင်ခြင်းများကို ရုရှားပညာရှင်များ၏ အကူအညီမရယူဘဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းစဉ်များကို စက်ရုံမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ တည်ဆောက်ရေးစီမံကိန်းမှ အင်ဂျင်နီယာများ၊ ပြည်တွင်းကုမ္ပဏီများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ရာ ၂၁-၁-၂၀၂၃ ရက်နေ့တွင် အောက်ဖော်ပြပါ အလုပ်ရုံ ၁၉ ရုံအား ဝန်မဲ့စမ်းသပ်မောင်းနှင်ခြင်း (No Load Test) ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ပထမအဆင့်ရေတင်အလုပ်ရုံ (First Lift Pump House)၊
(ခ) အဝင်ဓာတ်အားလိုင်း လက်ခံဖြန့်ဖြူးခွဲရုံ (Outdoor Switch Yard)၊
(ဂ) ကျောက်မီးသွေးကြိတ်ခွဲပြုပြင်ရေးအလုပ်ရုံ (Coal Preparation Unit)၊
(ဃ) သံသတ္တုရိုင်းအခြောက်ခံအလုပ်ရုံ (Iron Ore Drying Plant)၊
(င) သံသတ္တုရိုင်းပြုပြင်ရေးအလုပ်ရုံ (Iron Ore Preparation Unit)၊
(စ) အလိုအလျောက်မီးငြိမ်းသတ်ရေးအလုပ်ရုံ (Automatic Fire Fighting Pump House)၊
(ဆ) ရေတင်အလုပ်ရုံ အမှတ် (၂) (Pump House No. 2)၊
(ဇ) သန့်စင်ပြီးကုန်ကြမ်းများ သိုလှောင်ဖြန့်ဖြူးရေး သိုလှောင်အလုပ်ရုံ(Stock Bins of Raw Materials)၊
(ဈ) ဓာတုပစ္စည်းဖြင့် ရေပြုပြင်အလုပ်ရုံ ( Chemically Treated Water Pump House)၊
(ည) သံစိမ်းတုံးပုံလောင်းအလုပ်ရုံ (Pig Casting Shop)၊
(ဋ) ဖိအားမြှင့်လေထုတ်အလုပ်ရုံ (Air Compressor Station)၊
(ဌ) ဒုတိယအဆင့်ရေတင်အလုပ်ရုံ (Second Lift Pump House)၊
(ဍ) သောက်သုံးရေထုတ်လုပ်ဖြန့်ဖြူးမည့် အလုပ်ရုံ (Drinking Water Shop)၊
(ဎ) တန် (၁၀၀)ထိခြင်တွယ်နိုင်သည့်ကတ္တား (Truck Scale No.(1))၊
(ဏ) သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးအလုပ်ရုံ (Gas Distribution Station)၊
(တ) ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ (Repair Shop)၊
(ထ) အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းအလုပ်ရုံ(General Works Laboratory)၊
(ဒ) သံစိမ်းတုံးစုပုံရေးစတို (Pig Iron Storage)၊
(ဓ) ပင်မလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအလုပ်ရုံ(Main Step-down Sub Station)၊

အဆိုပါအလုပ်ရုံများသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရုရှားပညာရှင်များ အကူအညီဖြင့် ကွန်ပျူတာထိန်းချုပ်စနစ် မပါဝင်ဘဲ ၇၂ နာရီကြာ စမ်းသပ်လည်ပတ်ခဲ့ပြီးဖြစ်သော်လည်း စက်ရုံအား ယာယီရပ်ဆိုင်းခဲ့သဖြင့် လေးနှစ်ကြာရပ်နားထားခဲ့သည့် အလုပ်ရုံများဖြစ်ပါသည်။

ယခင်စမ်းသပ်ခဲ့စဉ်က စက်များ၏ ကြံ့ခိုင်ရေးကိုသာ ဦးစားပေး စမ်းသပ်နိုင်ခဲ့ပြီး အလိုအလျောက် ထိန်းချုပ်လည်ပတ်မှုများကို ဆက်လက်ဆောင်ရွက်စဉ် ရပ်ဆိုင်းခဲ့သည့်အတွက် အလုပ်ရုံများ အချင်းချင်း ချိတ်ဆက်လည်ပတ်မှုများကို အပြည့်အဝဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ယခုအခါ မြန်မာပညာရှင်များ၏ စွမ်းဆောင်ချက်များဖြင့် စက်ပြင်ဆင်မွမ်းမံမှုများ၊ ကွန်ပျူတာထိန်းချုပ်စနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၈-၂-၂၀၂၃ ရက်နေ့တွင် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ဒုတိယအကြိမ်လာရောက်ခဲ့ပြီး အလုပ်ရုံများ၏ ဝန်မဲ့စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးကာ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

စီမံကိန်းသို့ လာရောက်စစ်ဆေးစဉ် နိုင်ငံတော်အကြီးအကဲက "နိုင်ငံ၏မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားများ၏ လက်ဝယ်တွင်သာ ရှိရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အင်အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့်စိတ်ဖြင့် ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန် လိုအပ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကို ကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနအလိုက် အားပေးဆောင်ရွက်ကြစေလိုကြောင်း" ဖြည့်စွက်ပြောကြားခဲ့ပါသည်။

**အဓိကအလုပ်ရုံ ၁၉ ရုံမှာ ဝန်မပါ စမ်းသပ်လည်ပတ်နိုင်ခဲ့**

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တွင် အဓိကအလုပ်ရုံ ၂၂ ရုံရှိရာ ၁၉ ရုံမှာ ဝန်မပါ စမ်းသပ်လည်ပတ်နိုင်ခဲ့ပြီး ကျန်အလုပ်ရုံ သုံးရုံကိုလည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်စက်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်၍ အလုပ်ရုံအားလုံး ပေါင်းစပ်ကာ စမ်းသပ်လည်ပတ်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် သဘာဝသယံဇာတအရင်းအမြစ်တို့မည်သည် အကန့်အသတ်ရှိသဖြင့် အစဉ်အမြဲ ထုတ်ယူသုံးစွဲ၍မဖြစ်နိုင်ဘဲ နိုင်ငံတော်ကရရှိမည့် အကျိုးအမြတ်၊ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝအပေါ်သက်ရောက်မှု၊ အသုံးပြုမည့်နည်းစဉ်အပေါ် မူတည်၍ ပတ်ဝန်းကျင်ဒေသအပေါ်သက်ရောက်မှု၊ သယံဇာတအမျိုးအစား၊ ပါဝင်မှုရာခိုင်နှုန်း၊ သတ္တုသိုက်ပမာဏနှင့် ထုတ်လုပ်နိုင်မှုသက်တမ်းတို့သည် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် အခြေခံစဉ်းစားရမည့် အချက်များဖြစ်ပါသည်။

အချို့သောစီမံကိန်းများသည် ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားလွန်းသည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုပေးမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် စက်များတပ်ဆင်နိုင်မှု၊ စတင်လည်ပတ်နိုင်သည့်ကာလ၊ တစ်နှစ်ထုတ်လုပ်နိုင်မှုပမာဏ၊ ကုန်ကြမ်းများပံ့ပိုးနိုင်မှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် စက်ရုံ၏ အရင်းကျေကာလတို့သည် ထည့်သွင်းစဉ်းစားတွက်ချက်ထားရမည့် အချက်များဖြစ်ပါသည်။

ဈေးကွက်က တောင်းဆိုချက်မြင့်မားနေသည့်အချိန်တွင် ဈေးကွက်လိုအပ်သည့် အရည်အသွေးအတိုင်း လုံလောက်သော ပမာဏကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါက စီမံကိန်းသည် သတ်မှတ်ကာလအတွင်း အောင်မြင်နိုင်သကဲ့သို့ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ကိုက်ညီမှုမရှိပါက စီမံကိန်းများ အောင်မြင်မှုမရှိဘဲ အရှုံးပေါ်ကာ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် တိုင်းပြည်၏ သံနှင့်သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်လည်းကောင်း၊ သံနှင့်သံမဏိ တင်သွင်းမှုမှ နိုင်ငံခြားငွေသုံးစွဲနေမှုကို လျှော့ချနိုင်စေရန်လည်းကောင်း ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားချက်များနှင့်အညီ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ။

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လ(ပထမပတ်)တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လျက်ရှိသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှု အနေဖြင့် ဇူလိုင်လ(နောက်ဆုံးပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၅၆၀၀၀၊ တန်အားဖြင့် ၂၈၀၀ တန် စီးထွက်ခဲ့ကြောင်း သိရသည်။

ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ရန်ကုန်သို့ အိတ်ရေ ၁၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၄၉၀၀၀၊ တန်အားဖြင့် ၂၄၅၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၇၀၀၀၊ တန်အားဖြင့် ၃၅၀ တန် လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၌ ဩဂုတ်လ(ပထမပတ်)တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၆၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



ကော့သောင်း ဩဂုတ် ၉

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ဩဂုတ် ၇ ရက်မှ ၈ ရက်အထိ ပို့ကုန် ၆၆၇ တန်၊ သွင်းကုန်တန်ချိန် ၃၃ တန် ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့်ပို့ကုန်ပစ္စည်းများမှာ သီဟိုဠ်စေ့ ငါးတန်၊ ဆီအုန်း ၈၅ တန်၊ စစ်ဟောက် ၂၅ ဒသမ ၄၃ တန်၊ ငါးနီယံ ၅၃ ဒသမ ၇၁ တန်၊ ငါးဝိုင်း ၉ ဒသမ ၈၄ တန်၊ လူးစီ ၂ ဒသမ ၅၆ တန်၊ ကြိမ်မွေ့တောင်း ၆ ဒသမ ၇၂ တန်၊ ငါးဗျောသီး ၇ ဒသမ ၄၄ တန်၊ ညိုချော ၇ ဒသမ ၂၀ တန်၊ ကဏန်း သုည ဒသမ ၈၄ တန် တို့ဖြစ်သည်။ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ မီးသွေးမှုန့် တန် ၃၀၊ ပြောင်းဖူးပေါက်ပေါက် သုံးတန်တို့ဖြစ်ကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်အတွင်း မိုးကြိုဝါများ စတင်ထွက်



ကျောက်ဆည် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စပါး၊ ပဲ၊ ပြောင်း၊ ကြက်သွန်တို့အပြင် လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် ထုတ်လုပ်သည့် ချည်မျှင်ရှည်ဝါများကိုလည်း အများဆုံး စိုက်ပျိုးလျက်ရှိရာ မိုးကြိုဝါစိုက်ဧက ၁၂၁၉ ဧက စိုက်ပျိုးထားရှိပြီး မျိုးအနေဖြင့် တောင်သူအများစုမှာ ငွေချည်-၆ နှင့် အိန္ဒိယမျိုး(ရာကာ)မျိုးများကို အများဆုံး စိုက်ပျိုးကြသည်။

တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု အပါအဝင် ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျသည်။ မြို့နယ်အတွင်း မိုးကြိုဝါအများဆုံးစိုက်ပျိုးသော ပခမ်း၊ မက္ခရာ၊ ကတက်ကုန်း၊ မြင်ကုန်း၊ ကံကွေ့ စသည့်ကျေးရွာများတွင် မိုးကြိုဝါများ စတင်ထွက်ရှိနေပြီဖြစ်ကာ ဈေးနှုန်းအနေဖြင့် ယခင်နှစ် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ ဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၊ ဝါစေ့ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဈေးနှုန်းရှိပြီး ယခုအချိန်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀၊ ဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၊ ဝါစေ့ဆီတစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## တောင်ငူမြို့မှ ဂန္ဓမာပန်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

တောင်ငူ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာတွင် ဂန္ဓမာပန်းနှင့် မေမြို့ပန်း စုစုပေါင်းစိုက်ဧက ၈၈ ဒသမ ၇၅ ဧကခန့် စိုက်ပျိုးထားရှိပြီး ကုန်ကျစရိတ်အနေဖြင့် ယခင်က တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျသော်လည်း ယခုအခါတွင် သွင်းအားစု၊ ပိုးသတ်ဆေးနှင့် လုပ်အားခ စသည့် ဈေးနှုန်းများ မြင့်တက်ခြင်းတို့ကြောင့် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျသည်။

### ပြန်လည်ဖြန့်ဖြူးရောင်းချ

အထွက်နှုန်းအားဖြင့် ပန်းတစ်ဧကစိုက်လျှင် ၁၀ ပင်စည်းအစည်းရေ ၅၀၀၀ ခန့်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် တောင်ငူမြို့ ညောင်ပင်ဈေးရှိ ပန်းအဝယ်ဒိုင်များသို့ ပန်းစည်းတစ်စည်းလျှင် ယခင်က ငွေကျပ် ၈၀၀၊ ယခုအခါ ၁၀၀၀ ကျပ်ဖြင့် တင်ပို့ရောင်းချလျက်ရှိရာ ဒိုင်များမှတစ်ဆင့် ပန်းဆိုင်များသို့ တစ်စည်းလျှင် ငွေကျပ် ၁၂၀၀ ဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း၊ ပန်းဆိုင်များမှ ပန်းပွင့်အနေအထားအပေါ် မူတည်၍ ဂန္ဓမာပန်း တစ်စည်းလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ကျပ်အထိ ရောင်းချကြကြောင်း သိရသည်။ ပန်းစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၉.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၅၅၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၈၈၀၀ | ၈၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၄၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၁၅၀၀၀ | ၇၉၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၄၃၀၀ | ၇၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၄၃၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၈၇၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၅၀ | ၃၀၅၀ | ၁၆၀၀၀ | ၉၅၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၇၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၁၀၀ | | ၁၃၅၀၀ | ၈၅၀၀ | ၁၉၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | ၂၇၅၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၈၈၀၀ | ၂၅၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၇၅၀၀ | | ၈၀၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၅၀၀၀ | ၇၆၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၂၀၀ | ၄၂၀၀ | ၆၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၅၀၀ | ၇၆၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၄၀၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ၂၅၀ကျပ်၊ ကလေးတွင် ၁၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၇၀၀ကျပ်၊ ပုသိမ်၊ ပြည်နှင့်ကလေးတွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၈၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေနှင့်မုံရွာတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားတွင် ၃၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်နှင့်စစ်တွေတွင် ၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်နှင့် ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ၁၅၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့ (၁)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အမှတ်စဉ်(၂/၂၀၂၃)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁) ရန်ကုန် မှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် (၇)ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ အမျိုးသားကင်ဆာကုသရေးဌာန ဆောက်လုပ်ခြင်းလုပ်ငန်း၊ နတ်တလင်းခရိုင်ပြည်သူ့ဆေးရုံ (၂)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် (အုတ်၊ Ready Mixed Concrete, Aluminium Door Lead Door, Fully Teak Pannel Door, Perforated Meal Sheet Work, Steel Handrials , External /Internal Paint,Granite Composite Work လျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ၊ ရေသန့်ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများနှင့် ဗဟိုအမျိုးသမီးဆေးရုံ ဝန်ထမ်းအိမ်ရာအတွက် 200KVA Transformer နှင့် ပြင်ပလျှပ်စစ်ဆက်စပ်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ` ၂၄-၈-၂၀၂၃(ညနေ ၄ :၀၀ နာရီ)
၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် ၂၉-၈-၂၀၂၃(နံနက်၁၀:၃၀ နာရီ)
၃။ တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်(၇)ထပ်ဆောင်(ပ)ထပ် အစည်အဝေးခန်းမ၊ အနော်ရထာလမ်း၊ လသာလမ်းနှင့် မျက်နှာချင်းဆိုင် ဆေးရုံဝင်ပေါက်၊ ရန်ကုန်မြို့
၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၁)ရန်ကုန်တွင် ရုံးချိန်အတွင်း ၀၁-၇၃၃၃၅၆၀၊ ၀၉-၄၂၀၀၃၆၆၂၂ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဂမ်အောင် [၁/မကန(နိုင်)၁၂၂၄၉၇] ၏ ပတ်စ်ပို့နံပါတ်(MF-350485) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၀၀၆၂၈၀**

## အမည်မှန်

ဆွမ်ပရာဘွမ်မြို့၊ ဝါစပ်ခူးရပ်ကွက်နေ မဂျာစင်ခါးမိုင် [၁/ဆပဘ(နိုင်)၀၀၇၆၅၂] ၏ အမည်မှန်မှာ မဂျာဇိန်ခါးမိုင် ဖြစ်ပါသည်။

**မဂျာဇိန်ခါးမိုင်**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂ )
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၆၅ နှင့် ဆက်နွှယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၂၂၀

ဒေါ်ရင်ကြိမ် နှင့် ဒေါ်နီလာစော
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးသက်အေး)
**(ဒီကရီအနိုင်ရသူ )** **( တရားရှုံး )**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ အမှတ်(၂၅၃)နေ ဒေါ်နီလာစော (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၆၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ( ၁၂ ) ရက်၊ (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ယော်ဝမ်း[၁/မကန(နိုင်)၁၂၁၂၉၈]၏ ပတ်စ်ပို့နံပါတ် (MF-385548)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၀၀၆၂၈၀**

## မွေးသက္ကရာဇ်အမှန်

အဖ ဦးညွန့်ဝေ၏ သမီး မြစ်ကြီးနားမြို့၊ အထက(၁၂) ဇီးလွန်၊ Grade-12 မှ မခင်စန္ဒာဝင်း[၁/မကန(နိုင်)၂၆၆၁၀၈]၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၂၀၀၆ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မလုံဘန်ခေါနမ် [၁/မကန(နိုင်)၁၈၄၅၁၀] ၏ ပတ်စ်ပို့နံပါတ်(M-708611)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၂၃၄၈၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ်-၃၉၅(က)၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ် (၃၉၅/က)၊ ရတနာပုံ(၅)လမ်း၊ ၁၀ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်တင်တင်လှ [၉/မနမ(နိုင်)၀၅၉၅၅၇]၊ အမည်ပေါက် နှစ်(၆၀) မြေငှား ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်လှ[၉/မနမ(နိုင်)၀၅၉၅၅၇] (ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးသိန်းစိုး [၉/မနမ(နိုင်)၀၅၉၅၅၈]မှ ဒေါ်တင်တင်လှတွင် တစ်ဦးတည်းသော တရားဝင် ခင်ပွန်းဖြစ်သူ မိမိတစ်ဦးတည်းသာ ကျန်ရှိကြောင်း၊ အခြားသော ခင်ပွန်း/ယောကျ်ားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ မိမိမှသာလျှင် တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ (ဇနီး) ဒေါ်တင်တင်လှ၏ သေဆုံးမှုလက်မှတ်၊ မြေခွန်ပြေစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ်(၅၀)၊ သီဟလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၅၀)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေ x ၆၀ပေ)(၂၄၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီအမျိုးအစား(၂)ထပ်တိုက် အဆောက်အဦ(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းမောင်(CF-၀၈၃၂၃၈)ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ထားသူ ဒေါ်ဝင်းသုကျော်(ဘ) ဦးဖုန်းကျော်[၉/မထလ(နိုင်)၁၈၅၇၀၉]၊ အမှတ်(၂၀၃)၊ အုတ်လှငယ်လမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၅၁၅** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ်-၁၂၂၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြေပိုင်ရှင်အမည်ပေါက် ဒေါ်ခွေးမအမည်ဖြင့် (စလစ်မြေ)မြေအမျိုးအစား၊ ပြေစာအမှတ်စဉ် (၀၀၉၀)၊ အိမ်ရာအဆင့်(B)၊ အိမ်ရာကွက်အမှတ်(၃)၊ နှောင်ရိုး(၂)လမ်း၊ တိုးချဲ့(၂) ရပ်ကွက်၊ မှော်ဘီမြို့နယ် အကျယ်အဝန်းအားဖြင့် အလျား(၄၀)ပေ x အနံ(၆၀) ပေရှိသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်နော်ရှသ[၁၂/မရက(နိုင်)၀၄၄၂၉၀]မှ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအား လက်ရှိလက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီဦးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၉-၈-၂၀၂၃)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အိမ်နှင့်ခြံမြေကွက်(စလစ်မြေကွက်)၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်မာသော(မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲနုဝင်း LL.B, D.B.L**
**အထက်တန်းရှေ့နေ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်-၆၀(B-2)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-(၂၇-က)၊ ဧရိယာ (၀.၀၂၇၅)ဧက အကျယ်အဝန်းအားဖြင့် (၂၀ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်- (၂၇-က)၊ မေယု(၄)လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိန်စိန်အေး [၁၂/ပဇတ(နိုင်)၀၁၈၆၁၀] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များအရ ရောင်းသူ ဦးမောင်အုံး [၁၂/လမန(နိုင်)၀၉၉၅၄၁]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင် ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၄၅၀၀၃၁၂၉၂**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၅၊ မြေကွက်အမှတ်-(၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၉၊ ဗန္ဓုလလမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သန်း အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ဆက်စပ်စာချုပ်များအရ ရောင်းသူ ဒေါ်ခင်သီတာမျိုး [၁၄/မမန(နိုင်) ၀၀၀၈၃၇]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၈.A)၊ လူနေရပ်ကွက်အမှတ်-မြောက်ဝေဠုဝန်၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်-၈၄၊ တိုက်အမှတ်-၁၃ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ်တိုက်၏ပထမထပ်(၂)လွှာ၊ ဧရိယာ(၅၉၄)စတုရန်းပေကျယ်ဝန်းသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ် ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်ခိုင်သူသူမောင် [၁၂/အစန(နိုင်)၁၉၃၄၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွတ်အိန်ဘူ[၁/မကန(နိုင်)၁၅၉၅၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-796764898**

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၈-၂၀၂၃ ရက်မှ ၁၆-၈-၂၀၂၃ ရက်အထိ
၃။ တင်ဒါနောက်ဆုံးတင်သွင်း ရမည့်နေ့ရက်နှင့်အချိန် - ၁၆-၈-၂၀၂၃ ရက် ညနေ(၁၆:၀၀)နာရီ
၄။ တင်ဒါဖွင့်ဖောက်မည့်ရက် - ပြန်လည်အကြောင်းကြားပါမည်။
၅။ တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၁)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန
